မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၃၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ (မေ ၂၂ ရက်)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရေးကြိုးပမ်း ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် မေ ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မေ ၁၉ ရက် ညနေ ၅ နာရီတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့လည်းကောင်း၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ကြက်ဆူဆီသုံး မီးဖိုကိုလည်းကောင်း၊ အပ်ချုပ်စက်နှင့် စက်ဘီးများကိုလည်းကောင်း၊ သိုလှောင်ရုံရှိ ပစ္စည်းများသိုလှောင်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ ပြတ်လပ်မှုမရှိရန် စနစ် တကျမှာယူဖြည့်တင်းသွားရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ဝန်ကြီးသည် ဆားလင်းကြီးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီးချည်မျှင်နှင့် အထည်စက်ရုံရှိ ဝါကောက်စက်များ၊ ဝါဖွစက်၊ ဝါလိပ်စက်များ၊ ဗိုင်းတောင့်စက်၊ အပင်ပေါင်းစက်၊ တည်င်းလုံးစက်၊ ချည်ငင်စက်၊ ရက်ဖောက်စက်နှင့် ရက်ကန်းစင်များ၊ ပိတ်စစ်စက်၊ စက်ရုံမှ ထုတ်လုပ်သော ပေါ်ပလင်အညိုနှင့် အဖြူချွတ်ပြီး ပေါ်ပလင်၊ ဆေးဆိုးပန်းရိုက်အထည်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မုံရွာစက်မှုဇုန် ကြည့်ရှုစစ်ဆေး

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မုံရွာ စက်မှုဇုန်တွင် ကြည့်ရှု စစ်ဆေးစဉ်။

(စက်မှု-၁)

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး အလေးထားကြိုးပမ်းနေသော ကမ္ဘာ

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့
၂၀၀၆ခုနှစ် မေလ ၂၂ရက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်

စုဆောင်းရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ

ရန်ကုန် မေ ၂၁

၂၀၀၆ခုနှစ် မေ ၂၂ ရက် **(ယနေ့)**ကို **အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့** အဖြစ် သတ်မှတ်ထားသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးတွင် ဇီဝမျိုးစုံမျိုးကွဲနေ့ဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးနေမှုများကို မည်သို့မည်ပုံ အကာအကွယ် ပေးကြမည်ကိုလည်း စဉ်းစားတွေးဆ စီစဉ်နေကြသည်။

အကျိုးဆက်

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နေရာဒေသအများအပြားတွင် သဘာဝအရင်းအမြစ်များ ပျက်စီးမှုနှင့် ဇီဝမျိုးစုံ ဆုံးရှုံးရမှုများ နေ့စဉ်ကြုံတွေ့နေရလျက်ရှိရာ

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

22-5 (01).p65 1 1/21/32, 12:04 AM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်းကတည်ထောင်သည်။
Established 1914
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၂၂ ရက်)

သတင်းမီဒီယာများ၏ မိုးလေဝသဆိုင်ရာသတိပေးချက် အစဉ်သတိထား လိုက်နာကြိုတင်ဆောင်ရွက်

ယခုအခါ မိုးဦးကာလသို့ ရောက်ရှိပြီဖြစ်သည်။ မိုးဦးကာလတွင် မိုးသက်လေပြင်းများ ကျရောက်တတ်သည်။ လေပြင်းမုန်တိုင်းများ တိုက်ခတ်သည့်အခါ လူသားများအတွက် ဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိသည်။ သစ်ပင်ကြီးများ ပြိုလဲခြင်း၊ အဆောက်အအုံအဟောင်းများ ပြိုကျခြင်း၊ လမ်းမီးတိုင်များမှ လျှပ်စစ်မီးကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပေါ်တတ်၍ ကြိုတင်သတိပြု ကာကွယ်ကြရန် လိုပေသည်။

ယခုရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်း မိုးစတင်ရွာသွန်းလျက်ရှိပြီး အချို့သောဒေသများ၌ နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ ယင်းသို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထူးကဲဒီရေတက်ခြင်း၊ မြစ်ချောင်းများ၌ ရေကြီးခြင်း၊ မြို့ရွာပတ်ဝန်းကျင်၌ ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နိုင်ပေသည်။

အထူးသဖြင့် မိုးရာသီတွင် ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးဌာနများ၊ ပင်လယ်ပြင် ရေလုပ်သားများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော မိုးလေဝသသတင်းများ၊ သတိပေးနှိုးဆော်ချက်များကို သတိပြုရမည် ဖြစ်သည်။

အလားတူ ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်၊ချောင်းကမ်းနား ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ဒီရေတက်မှုအခြေအနေ၊ မြစ်ရေကြီးမှုနှင့် မုန်တိုင်းကျရောက်မှု သတိပေးချက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် ကြည့်ရှု၍ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်သည်။

ရေယာဉ်များအနေဖြင့် မိုးဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ်ခံနိုင်ရေးအတွက် ရေယာဉ်များနှင့် စက်ကိရိယာများ ကြံ့ခိုင်ရေး၊ အချက်ပြမီး၊ အချက်ပေးကိရိယာ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ် စသည်တို့ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ထို့အပြင် ခရီးသည်နှင့်ကုန်စည်များကို တင်ဆောင်ရာ၌လည်း ရေယာဉ်အခြေအနေ၊ ခရီးသည်ဦးရေနှင့် တင်ဆောင်နိုင်သည့် ကုန်တန်ချိန်ပမာဏတို့ကို မျှတစွာ တင်ဆောင်နိုင်ရေး သတိပြုဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မြို့ရွာဒေသအလိုက် ရေကြီး၊ရေလျှံမှု ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် မြစ်ရေတားတာပေါင်ရိုးများအား မပြတ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ပါက အသုံးပြုနိုင်ရန် သဲအိတ်၊ ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ မြို့ရွာရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိခြင်း စသည်တို့ကို ကြိုတင်စီမံ ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ထိုသို့ ကြိုတင်စီမံဆောင်ရွက်ရန် သတင်းမီဒီယာများ၏ မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးချက်များကို အစဉ်သတိထားလိုက်နာပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများက ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုလ္လဘရဟန်းခံပွဲနှင့် တရားစခန်းပွဲ

ရန်ကုန် မေ ၂၁

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ခက်သင်ကျေးရွာ ဝေဇယန္တာကျောင်းတိုက်၌ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ B.Sc (Phy)°၏ ကောင်းမှုဒါနအဖြစ် ဒုလ္လဘအပါး ၅၈ ပါးနှင့် သီလရှင် ၁၀ပါးတို့အား ရဟန်းခံပွဲနှင့်သီလရှင်ဝတ်ပွဲ၊ (၇)ကြိမ်မြောက် တရားစခန်းပွဲကို ဇွန် ၂၄ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားတော်များဟောကြားမည်

တရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ B.Sc(Phy) နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်နယ်နှင့်တိုင်း တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုများတင်ပြ

နေပြည်တော် မေ ၂၁

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၁၉ရက် နံနက်၉နာရီက နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သစ်တောထွက် ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ပြည်နယ်နှင့်တိုင်း တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် မန်နေဂျာများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့သစ်လုပ်ငန်းမှ ပြည်နယ်နှင့်တိုင်း တာဝန်ခံများ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကိစ္စများနှင့် ခြိုးခြံချွေတာရေးကိစ္စများ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၀၆
(တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၅။ လက်စွမ်းပြဟန် ဂီတသံ
၄:၄၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၀၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသ သတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၃၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၆
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ပန်းချီထဲမှအလှတစ်ပါး ကျောက်စီပန်းချီကား
၇:၁၅ ပြည်တွင်းသတင်းအကျဉ်း
၇:၂၅ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ (အပိုင်း-၁)
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ Teens Star (Bambino အဖွဲ့နှင့်တွေ့ဆုံခြင်း)
၈:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၀၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၈:၁၅ မိုးလေဝသခန့်မှန်းချက်
၈:၂၀ ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ Science Tech Today (အပိုင်း-၂) (ဦးထွန်းလွင်၊ ကိုကို-စက်မှုတက္ကသိုလ်)
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ မြန်မာ့ယဉ်ကျေးမှုအကအလှ ပန်းချီ
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ နမ့်မွေတံတား
၉:၃၀ ပြည်တွင်းသတင်းအကျဉ်း
၉:၄၀ Movie Talk (2) (ဒေါက်တာဇော်သန်း၊ အကယ်ဒမီဦးထွန်းလှိုင်)
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ မြစိမ်းရောင်ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း (ဝက်မွေးမြူရေးလုပ်ငန်း)
၁၀:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ အဆင့်မြင့်ခေတ်မီရေးဆွဲထား Cartoon Animation ဇာတ်ကားများ
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ ကြက်၊ ငှက်တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာ
၁၁:၅၀ တေးဂီတအစီအစဉ်
၁၁:၅၅ လိုက်နာကြပါ
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မှုလုပ်ငန်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် မေ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းအပြင် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံရာ စက်ရုံမှူး ဦးခင်မောင်က ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို လည်းကောင်း၊ ကုန်ကြမ်းစုဆောင်းထားရှိမှုနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လေးစားလိုက်နာ

ဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ချိုးခြိုးချွေတာရေးမူများကို ချမှတ်ခဲ့ပြီးဖြစ်ရာ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းဌာနများသည် မလိုအပ်သော အသုံးစရိတ်များကို မသုံးစွဲကြရန်၊ ဝန်ကြီးဌာနမှ ချမှတ်ထားသောအမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ကြရန်နှင့် မိမိလုပ်ငန်းနှင့် ဌာနအပေါ် သစ္စာရှိကြရန် ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် မေ ၂၀ရက်တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် တာဝန်ရှိသူများနှင့်အတူ မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝ စိမ်းပြာရေညှိဆေးဝါးလုပ်ငန်း(တွင်းတောင်စခန်း)သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက အဏုဇီဝ စိမ်းပြာရေညှိ ဆေးဝါးလုပ်ငန်း စက်ရုံ၏ ထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံမှူး ဒေါက်တာမင်းသိန်းက တွင်းတောင်၏ လက်ရှိအခြေအနေများ၊ စိမ်းပြာရေညှိခြောက် ထုတ်လုပ်နိုင်မှု၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၄၅တန် ထုတ်လုပ်ရန် လျာထားမှု၊ ဆပ္ပားကန်များ တိုးချဲ့တည်ဆောက်သွားမည့် အစီအစဉ်များ၊ (တွင်းတောင်စခန်း)မှ ပြည်ပပို့ စိမ်းပြာရေညှိများကို အဓိက ထုတ်လုပ်လျက်ရှိရာ တစ်လလျှင် တန်၃၀ ထုတ်လုပ်ရန် စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တွင်းတောင် ဝန်းကျင်နှင့် ဆက်နွှယ်ဆက်စပ်နေသော တွင်းပိုးထုတ်ယူမှု၊ ရေညှိသယ်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် GMP စံချိန် စံညွှန်းနှင့်အညီ စည်းကမ်းတကျ ကြပ်မတ်ဆောင်ရွက်သွားရေး၊ ဆပ္ပားကန်များ တိုးချဲ့တည်ဆောက်သွားရေး၊ ရည်မှန်းချက် တာဝန်များ ပြည့်မီကျော်လွန်ရန် ယခုကပင် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးတို့သည် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီးသည် မုံရွာမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ (မုံရွာ)သို့ ရောက်ရှိပြီး စက်ရုံထုတ် ဒီဇိုင်းထည်များ၊ စက်များကြံ့ခိုင်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကာ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာစက်မှုဇုန် ချင်းတွင်းရတနာခန်းမသို့ ရောက်ရှိပြီး စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ မုံရွာစက်မှုဇုန် သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံမှူး ဦးမောင်မောင်က ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ စစ်ကိုင်းတိုင်း စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့က ဖြည့်စွက်တင်ပြကြသည်။

ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးအားပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အေးသာယာစက်မှုဇုန်၊ မန္တလေး စက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များအား အဆင့်မြင့်စက်မှုဇုန်များအဖြစ် ရွေးချယ်သတ်မှတ်ပြီး ဒေသအလိုက် စက်မှုလုပ်ငန်းများ အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း။

တိုးတက်ထုတ်လုပ်

နိုင်ငံတော်၏ ကျေးဇူးသစ္စာကို လေးစားလိုက်နာသောအားဖြင့် နိုင်ငံအကျိုးအတွက် စေတနာထားဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ လိုအပ်သော စက်အရန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်သွားကြရန်နှင့် အစုရှယ်ယာရှင်များ တိုးပွားလာရန် စည်းရုံးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယတိုင်းမှူးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် Machine Shopသို့ ရောက်ရှိကာ စက်အရန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ အစိုးရဌာနများနှင့် ကုမ္ပဏီများမှ အမှာစာအရ ထုတ်လုပ်ထားသော စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မော်တော်ယာဉ် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်ချက်များမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယတိုင်းမှူးတို့သည် Forging Shop သို့ ရောက်ရှိပြီး Trmming press Machine များကို လည်းကောင်း၊ Mini-Tractorနှင့် စက်အစိတ်အပိုင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် Foundry Shop ရှိ သံရည်ကျိုခြင်း လုပ်ငန်းများ၊ ထုတ်လုပ်ပြီး စက်အရန်ပစ္စည်းများ၊ သဲမိုလောင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် ဦးဒေါင်း CDS ကားထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် မီးသတ်ယာဉ်၏ ရေပက်ဖျန်းမှု သရုပ်ပြခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါ်ချိုစိန်အားရည်စူး၍ အမှတ်၄၁ မာလာမြိုင် ၂ လမ်း (၁၆)ရပ်ကွက် လှိုင်မြို့နယ်နေ ကျန်ရစ်သူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က-ပ)

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၁

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို မေ၄ရက် နံနက်၉နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန်၏ ဇနီး ဒေါ်မိုးသီတာနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း ၅၀၀ကျော် တက်ရောက်ကြသည်။ အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အထက်မြန်မာပြည် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် ကာလသားရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းမြင့်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါအကြောင်းကို လည်းကောင်း၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာခိုင်မာမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

သွေးဖောက်စစ်ဆေး

အခမ်းအနားအပြီးတွင် တက်ရောက်လာသော မြို့တော်စည်ပင်သာယာရေးဝန်ထမ်း ၇၀ အား ကာလသားရောဂါနှင့် အိတ်ချ်အိုင်ဗွီပိုးရှိမရှိ သွေးဖောက်စစ်ဆေးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ပဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မေ၂၀ရက် နံနက် ၉နာရီက အဆိုပါကောလိပ်ခန်းမတွင် ကျင်းပရာ ကန်တော့ခံ ဆရာ ဆရာမကြီး ၉၅ဦးနှင့်အတူ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဖော်ကျူးပန်ကြား

အခမ်းအနားတွင် ပူဇော်ကန်တော်ခံ ဆရာကြီး ဦးခင်မောင်ရင် (ယခင်ကျောင်းအုပ်ကြီး)နှင့် ဆရာမကြီး ဒေါ်ခင်ခင်ထွေး(ယခင်ကထိက ပညာရေး)တို့က ဩဝါဒစကား ပြောကြားကြပြီး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးပို့မှာကြားသည့် ပညာရည်မြင့်မားရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်စကားကို ကျောင်းအုပ်ဆရာကြီးဦးမဲအောင်ကလည်းကောင်း၊ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး ဦးဆောင်ကြိုးပမ်းခဲ့ကြသည့် ကျောင်းသားဟောင်း ဦးနု၊ ဦးခင်မောင်စိုးနှင့် ဦးရန်နောင်တို့က မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးနှင့် အနန္တမေတ္တာကိုလည်းကောင်း ဖော်ကျူးပန်ကြားခဲ့ကြသည်။

ဆုတောင်းမေတ္တာပို့

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ ဆရာ ဆရာမကြီးများအား ကျန်းမာရေးအထောက်အကူပြုသင့်လျော်ရာ ဆေးဝါးများ၊ မြန်မာတိုင်းရင်းဆေးများ၊ အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို တပည့်များက ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကုသိုလ်ပြုခဲ့ကြပြီး ကျန်းကျန်းမာမာနှင့် နောက်တစ်ကြိမ်ပြန်လည်ဆုံစည်းနိုင်ရန် ဆရာနှင့် တပည့်တို့ အပြန်အလှန် ဆုတောင်းမေတ္တာပို့သကြသည်။

နှစ် ၆၀ ပြည့်

ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ၂၀၀၇ခုနှစ် မေ ၁ ရက်တွင် အမိသိပ္ပံကောလိပ်၏ နှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် စီစဉ်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လျှို့ဝှက်အကျဉ်းစခန်းများအားလုံး ပိတ်သင့်ကြောင်း ကုလသမဂ္ဂညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကော်မတီ ပြောကြား

ဂျီနီဗာ မေ ၂၁

ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကော်မတီအဖွဲ့မှ အမေရိကန်နိုင်ငံအား နိုင်ငံရပ်ခြားနှင့် ကျူးဘားနိုင်ငံ ဂွမ်တာနာမိုရှိ လျှို့ဝှက်အကျဉ်းစခန်းအားလုံးကို ပိတ်သင့်ကြောင်း မေ၁၉ရက်က ပြောကြားလိုက်သည်။

ဂွမ်တာနာမို အကျဉ်းထောင်၌ ဖမ်းဆီးထားခံရသူတစ်ဦးကို တွေ့ရစဉ်။

ယင်း လျှို့ဝှက်အကျဉ်းစခန်းများသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခဲ့ကြသည်။

အသုံးပြု

ဘက်မလိုက်သော ကျွမ်းကျင်ပညာရှင် ၁၀ဦးသည် အမေရိကန်နိုင်ငံတွင်းနှင့် နိုင်ငံရပ်ခြားရှိ အကျဉ်းစခန်းများမှ မှတ်တမ်းများကို စစ်ဆေးမှုပြုလုပ်ခဲ့သည်။ အကျဉ်းသားများအား ခြောက်လှန့်ရန် ခွေးများကို အသုံးပြုခဲ့သည်ဟု ဖော်ပြရင်း ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ရက်စက်သောအပြုအမူများဖြစ်သော စစ်ကြောရေးနည်းစနစ်များကို စွန့်လွှတ်ရန် သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အစိုးရအဖွဲ့ကိုလည်း တိုက်တွန်းပြောဆိုလိုက်သည်။

တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အမေရိကန်၏ထိန်းချုပ်မှုနှင့် စစ်ဆေးမှုအောက်တွင်ရှိသော လျှို့ဝှက်အကျဉ်းစခန်းများတွင် ဖမ်းဆီးထားသော အကျဉ်းသား တစ်ယောက်မျှ မရှိဘူးဟု အခိုင်အမာ ပြောဆိုနိုင်သင့်ကြောင်းနှင့် အကျဉ်းစခန်းများ၏ ဖြစ်တည်မှုများကို ဖွင့်ချသင့်ကြောင်း ၎င်းကော်မတီက ပြောကြားသည်။

အီရတ်၊ အာဖဂန်နစ္စတန်နှင့် ဂွမ်တာနာမိုရှိ အကျဉ်းစခန်းများတွင် ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် တိုက်ခိုက်မှု ဖြစ်ပွားပြီးကတည်းက အမေရိကန်နိုင်ငံသည် အကြမ်းဖက်သမားများဟု သံသယရှိသူ ရာပေါင်းများစွာထဲမှ အများစုကို ဖမ်းဆီးထားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံးပြည်နယ် ရှင်ကျင့်မြို့တွင် ဆီဆေးပန်းချီပြိုင်ပွဲ ကျင်းပနေသည့်ကို မေ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှေးဟောင်းအီတလီ တယောအား ဒေါ်လာ ၃ဒသမ ၅၄သန်းဖြင့် ဝယ်ယူ

နယူးယောက် မေ ၂၁

၁၇၀၇ခုနှစ်က ပြုလုပ်ခဲ့သော တယောတစ်လက်အား လေလံတင်ရောင်းချရာ အမေရိကန်ဒေါ်လာ ၃ဒသမ ၅၄သန်းဖြင့် ဝယ်ယူသွားခဲ့ကြောင်း ခရစ်တိုင်း လေလံပွဲမှ မေ၁၉ရက်က ပြောကြားသည်။

ဒေါ်လာ ၃ဒသမ ၅၄သန်းဖြင့် လေလံဆွဲဝယ်ယူသွားသည့် ၁၇၀၇ခုနှစ်က ပြုလုပ်ခဲ့သော တယော။ (ဓာတ်ပုံ-အင်တာနက်)

ယင်းတူရိယာသည် လေလံပွဲတွင် ရောင်းချခဲ့သော တူရိယာများတွင် ဈေးအများဆုံးရရှိခဲ့သော တယောတစ်လက်ဖြစ်ကြောင်း သိရသည်။

ပြုလုပ်

၎င်းတယောကို အီတလီနိုင်ငံ ခရီမိုနာမြို့မှ အန်တိုနီယိုစထရာဗာရီဆိုသူက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လေလံတင် မရောင်းချမီ လေလံပွဲ ကျင်းပသူများက ယင်းတယောသည် အမေရိကန်ဒေါ်လာ ၁ဒသမ ၅သန်းမှ ၂ဒသမ၅သန်းအထိ ရရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်တောင်ပိုင်း၌ ချန်ချူးမုန်တိုင်း တိုက်ခတ်

ပေကျင်း မေ ၂၁

ချန်ချူးမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ၂၃ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးနေကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

ဝင်ရောက်

ချန်ချူးမုန်တိုင်းသည် အားအလွန်ကောင်းလာပြီး တောင်တရုတ်ပင်လယ်သို့ မေလက ဝင်ရောက်ခဲ့သည်။ ယင်းမုန်တိုင်းသည် နိုင်ငံအချို့သို့ ဝင်ရောက်ခဲ့ရာ ဖိလစ်ပိုင်တွင် လွန်ခဲ့သောသီတင်းပတ်က လူအနည်းဆုံး ၃၇ဦး သေဆုံးခဲ့သည်။

ယင်းမုန်တိုင်းသည် မိုးသက်လေပြင်းများနှင့်အတူ တစ်နာရီ ကီလိုမီတာ ၁၇၀နှုန်းဖြင့် ရှန်ကျိုနှင့် ရှာမန်တို့တွင်လည်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ကွမ်တုံးပြည်နယ်၌ လူရှစ်ဦးသေဆုံးပြီး ဖူကျန်း၌ ၁၅ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကွမ်တုံးပြည်နယ် ရှန်ကျို့ ကမ်းရိုးတန်းမြို့တွင် ချန်ချူးမုန်တိုင်း တိုက်ခတ်မှုကြောင့် လဲပြိုနေသည့် သစ်ပင်များကို မေ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်သော ပထမဆုံး ဖိလစ်ပိုင်နိုင်ငံသား

မနီလာ မေ ၂၁

ဖိလစ်ပိုင်တောင်တက်သမား ဟာရာကလီယိုအိုရာစီယွန် (အောက်ပုံ)**သည် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးအနေဖြင့် မေ၁၇ရက် မွန်းလွဲပိုင်းက ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ် ဧဝရက်တောင်သို့ ပထမဆုံးရောက်ရှိကာ ၎င်းနိုင်ငံ၏အလံကို စိုက်ထူနိုင်ခဲ့ကြောင်း ဖိလစ်ပိုင်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။**

အိုရာစီယွန် ဧဝရက်တောင်ထိပ်သို့ ရောက်ရှိချိန်တွင် ရာသီဥတုမှာ သာယာလျက်ရှိပြီး ၎င်းသည် ထိုနေ့က ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၈၈၄၈အမြင့်သို့ ရောက်ရှိခဲ့သည်။

ဖြတ်သန်းရောက်ရှိ

အသက် ၃၂နှစ်အရွယ်ရှိ အိုရာစီယွန်သည် တောင်ထိပ်သို့ရောက်ရှိ၍ စခန်းလေးခုကို ဖြတ်သန်းခဲ့ရသည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယမြောက် တောင်တက်သမား အာဝင်းအီမာတာသည် စခန်းအမှတ် (၃)မီတာ ၇၀၀၀ တွင် ရောက်ရှိနေပြီး စခန်းအမှတ် (၄)သို့ ထွက်ခွာလာနေပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ ပြန်ပေးဆွဲခံရသော ယူအေအီး သံတမန် ပြန်လည်လွတ်မြောက်

ဘဂ္ဂဒက် မေ ၂၁

အီရတ်တွင် ပြန်ပေးဆွဲခံရသော ယူအေအီးသံတမန် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အယ်လ်အာရေဗီးယားတီဗွီမှ မေ ၁၉ရက်က ထုတ်လွှင့်ခဲ့သည်။

၎င်းသည် ဘဂ္ဂဒက်လေဆိပ်မှနေ၍ သောကြာနေ့က ယူအေအီးသို့ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း ၎င်း၏ ညီအစ်ကိုတော်သူက ပြောကြားသည်။

ပြန်ပေးဆွဲ

ယူအေအီး သံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်နေသော နာဂျီရာရှစ်အယ်နျူရာမီကို အီရတ်နိုင်ငံအနောက်ပိုင်း အယ်လ်မာဆာဒေသတွင် အင်္ဂါနေ့က အမည်မသိသေနတ်သမားများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

တောင်းဆို

ပြန်ပေးသမားများသည် ၎င်းသံတမန်၏ဗွီဒီယိုခွေကို ကြာသပတေးနေ့က ထုတ်လွှင့်ပြသခဲ့ပြီး ၂၄နာရီအတွင်း ဘဂ္ဂဒက်ရှိ ယူအေအီးသံရုံးကို ပိတ်ပစ်ရန် တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်၌ သုံးရက်အတွင်း လူ ၂၀၀သေဆုံး

ကဘူးလ် မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များနှင့် အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆောင်ရွက်မှုများကြောင့် လွန်ခဲ့သည့် သုံးရက်အတွင်း အာဖဂန်နစ္စတန် တောင်ပိုင်းပြည်နယ်များ၌ ပြည်သူ၂၀၀ကျော် သေဆုံးခဲ့ရသည်ဟု အာဖဂန်နစ္စတန် အာဏာပိုင်များက မေ ၁၉ရက်၌ ပြောကြားသည်။

သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ပြီးခဲ့သည့် မေ ၁၇ရက်က စစ်ဆင်ရေးဆောင်ရွက်မှုကြောင့် လူ ၁၀၀ကျော် သေဆုံးခဲ့ရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အဆာဒူလာခါလစ်က ပြောကြားသည်။

ပင်ဝေခရိုင်တွင် ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး၊ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ပြည်သူသုံးဦးတို့ ဒဏ်ရာရရှိခဲ့ပြီး အခြားပြည်သူ ၁၇ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ဟဲလ်မင်ပြည်နယ်တွင် ဒေသခံ၆၆ဦး၊ အာဖဂန်ရဲတပ်ဖွဲ့ဝင် ၁၆ဦးနှင့် ပြည်သူတစ်ဦးတို့ သေဆုံးခဲ့ရသည်။ မူဆာဂါလက်ကျေးရွာတွင် တိုက်ခိုက်မှုများကြောင့် လူ၆၀သေဆုံးကာ ၂၀ဖမ်းဆီးခံခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

နျူကလီးယားအစီအစဉ်ကို ဆန့်ကျင်သူများအား စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသူများဟု နီဂျက်ဒ်ပြောကြား

တီဟီရန် မေ ၂၁

အီရန်သမ္မတ မာမွတ်အာမက် နီဂျက်ဒ်သည် ၎င်းနိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို ဆန့်ကျင်သူများအား စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသည်ဟု မေ၁၈ရက်က လှောင်ပြောင်ပြောဆိုလိုက်ကြောင်း အီရန်နိုင်ငံ၏ အိုင်အက်စ် အင်အေသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

ထည့်သွင်းပြောကြား

သူများနိုင်ငံ၏ တိုးတက်မှုနှင့် ပျော်ရွှင်မှုကြောင့် သောကရောက်နေသော ၎င်းတို့သည် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ရေးရာ ပြဿနာများကို ခံစားနေရကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် မိမိကိုယ်မိမိ ကုစားရန်အတွက် နည်းလမ်းကောင်းများရှာသင့်ကြောင်း အီရန်အလယ်ပိုင်း ကရန်ဒီယီမြို့တွင် မိန့်ခွန်းပြောကြားစဉ် နီဂျက်ဒ်က ထည့်သွင်းပြောကြားသွားသည်။

အဆုံးသတ်

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်ဥရောပသမဂ္ဂနိုင်ငံများသည် အီရန်နိုင်ငံအား အဏုမြူလက်နက် မထုတ်လုပ်ပါဘူးဟု အာမခံချက်ပေးသည့် အနေဖြင့် ယူရေနီယံ ထုတ်လုပ်မှုလုပ်ငန်းများကို အဆုံးသတ်ရန် ဆန္ဒရှိနေကြသည်။

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်။

မိမိတို့တွင် နျူကလီးယား နည်းပညာအသုံးပြုရန် အခွင့်အရေးများရှိပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းအတွက် လောင်စာအဖြစ် အသုံးပြုရန်သာ မိမိတို့လိုလားကြောင်း နီဂျက်ဒ်က ပြောကြားသည်။

ကမ္ဘာပေါ်ရှိ ဘီလီယံပေါင်းများစွာသော ပြည်သူများက အီရန်နိုင်ငံ၏ နျူကလီးယား နည်းပညာတိုးတက်အောင် လုပ်ဆောင်ခြင်းကို ထောက်ခံကြကြောင်း၊ အီရန်နိုင်ငံ၏ နျူကလီးယား အောင်မြင်မှုများကို ကြားသိရချိန်တွင် ပြည်သူနှစ်ဘီလီယံကျော်သည် ပျော်ရွှင်လျက်ရှိကြောင်း နီဂျက်ဒ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အင်ဒိုနီးရှား၌ လျှင်လှုပ် ရစ်ချ်တာစကေး ၆ ဒသမ ၁ရှိ

ဂျကာတာ မေ ၂၁

အင်ဒိုနီးရှားနိုင်ငံအနီး မိုလူကာပင်လယ်တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ရှိသော ငလျင်တစ်ခု လှုပ်သွားကြောင်း၊ ထိုငလျင်လှုပ်မှုကြောင့် ကြီးမားသောထူးခြားမှု တစ်စုံတစ်ရာ မဖြစ်ပေါ်ကြောင်း ပစိဖိတ်ဆူနာမီကြိုတင်သတိပေးမှုဌာနမှ အရာရှိတစ်ဦးက မေ ၁၉ရက်၌ ပြောကြားသည်။

သတိပေး

အဆိုပါငလျင်သည် မေ ၂၀ရက် နံနက် ၁၀နာရီ ၄၄မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ပြီး ဆူနာမီသတိပေးမှု ထုတ်ပြန်နိုင်သည့် အနေအထား မရှိခဲ့ကြောင်း ဟာဝိုင်ယီရှိ ဆူနာမီသတိပေးမှုဌာနမှ ဒိုင်လင်ဝမ်က ပြောကြားသည်။

ဗဟိုပြု

ထိုငလျင်သည် အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်း ကမ်းလွန် ၁၂၅မိုင် အကွာခန့်ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂင်းနက်စ်စံဝင်သည့်စုပေါင်းအက ဆင်နွှဲကြသူများ

စုပေါင်းအကဖြင့် ဂင်းနက်စ် မှတ်တမ်းတင်နေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

ဆလိုဗေးနီးယားနိုင်ငံ အယ်ဂျူလ်ဂျာနာမြို့တွင် ဩစတြေးလျ၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဆာဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံတို့မှ လူငယ်အရေအတွက် ၂၃၅၀၀ကျော်တို့က စုပေါင်းအက ဆင်နွှဲကြပြီး ကမ္ဘာပေါ်တွင် လူအရေအတွက် အများဆုံး အကအဖြစ် ဂင်းနက်စ်မှ မှတ်တမ်းတင်ခဲ့ကြသည်။

(အင်တာနက်)

ဒေါ်လာနှစ်သိန်းခွဲတန်ခွက်

ဒေါ်လာ နှစ်သိန်းခွဲတန်သော ခွက်တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါခွက်ကို တရုတ်နိုင်ငံက လွန်ခဲ့သောနှစ်ပေါင်းများစွာက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကြွေထည်ဖြင့်ပြုလုပ်ကာ ဒီဇိုင်းမွမ်းမံခြယ်သမှုများ ပြုလုပ်ထားသည်။ ၎င်းခွက်ကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အမျိုးသားပြတိုက်၌ ပြသထားရာ တန်ဖိုးငွေ ဒေါ်လာ နှစ်သိန်းခွဲတန်ကြောင်း သိရသည်။

(အင်တာနက်)

ဆူနာမီဒဏ်ခံရသော အာချေးပြည်နယ်တွင် တရုတ်-အင်ဒို ချစ်ကြည်ရေးကျေးရွာ တည်ဆောက်

ဘန်ဒါအာချေး မေ ၂၁

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် တရုတ်-အင်ဒိုနီးရှား ချစ်ကြည်ရေးကျေးရွာတစ်ရွာ တည်ဆောက်ရေးစီမံကိန်းကို မေ ၁၈ရက်၌ စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေး ကျေးရွာ တည်ဆောက်ရေး စီမံကိန်း၏ အုတ်မြစ်ချ အခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လန်လီဂျုန်၊ အာချေးပြည်နယ် အထွေထွေအတွင်းရေးမှူး စီတီရာဘူဒီနှင့် အာချေးဘာဆာနယ်မြေ အကြီးအကဲ အိတ်ချ်အေမာဂျစ်တို့ တက်ရောက်ကြသည်။

ဖြန့်ဝေ

ယခုကဲ့သို့ ချစ်ကြည်ရေး ကျေးရွာ တည်ဆောက်ခြင်းသည် တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပြန်လည်တည်ဆောက်

တရုတ်-အင်ဒိုနီးရှား ကျေးရွာ တည်ဆောက်ခြင်းသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းဒဏ် ခံစားခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် ပြန်လည်တည်ဆောက်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

သေဆုံး

အဆိုပါ ဆူနာမီဒဏ်ကြောင့် လူ၁၂၆၀၀၀ကျော် သေဆုံးခဲ့ရပြီး လူအများအပြား ပျောက်ဆုံးခဲ့ရသည်။ လူတစ်သိန်းခန့်မှာ ယခုအချိန်အထိ ရွက်ဖျင်တဲများနှင့် နေထိုင်ရဆဲဖြစ်သည်။

တရုတ်အစိုးရက ဆူနာမီဒဏ် ခံစားခဲ့ရသော ဒေသခံများအတွက် ကုန်ပစ္စည်းနှင့်ငွေကြေး အမေရိကန်ဒေါ်လာ ၁၀သန်းကျော် ပေးအပ်လှူဒါန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရားမဝင် ဒီဇယ် ၆၈၅စည် ကမ္ဘောဒီးယား ရဲတပ်ဖွဲ့ဖမ်းမိ

ဖနောင်ပင် မေ ၂၁

ကမ္ဘောဒီးယား ရဲတပ်ဖွဲ့နှင့် အကောက်ခွန်က ကွမ်ပေါင်ချမ်းပြည်နယ်ရှိ ကုန်လှောင်ရုံခုနစ်လုံးအား ဝင်ရောက်စီးနင်းရှာဖွေရာ ဗီယက်နမ်မှ မှောင်ခိုသွင်းလာသော ဒီဇယ်စည်ပေါင်း ၆၈၅စည်ကို ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာ မီဒီယာက သောကြာနေ့တွင် ပြောကြားသည်။

ပြောကြား

ယင်းလောင်စာဆီသည် ကွမ်ပေါင်ချမ်းပြည်နယ် စမက်ဒေသကို ဖြတ်၍ ကုန်သည်များက တရားမဝင် တင်သွင်းခဲ့ကြောင်း အကောက်ခွန် အရာရှိတစ်ဦးက ပြောကြားသည်။

ပို့ဆောင်

ဒေသနေ ကျေးရွာသားများက အဆိုပါကုန်လှောင်ရုံများသို့ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များဖြင့် သယ်ယူ ပို့ဆောင်ပေးခဲ့သည်။

ယင်းဖမ်းဆီးရမိ ဒီဇယ်စည်၏ တန်ဖိုးမှာ ကမ္ဘောဒီးယားလက်ရှိ ဈေးကွက် ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

သထုံမြို့ ရွှေပါရမီမြစိမ်း သာမဏေကျော်ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်

ရန်ကုန် မေ ၂၁

သထုံမြို့ မြစိမ်းကျောင်းတိုက် ပဓာနနာယက ရွှေပါရမီတောရ ဆရာတော်အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက မြစိမ်းကျောင်းတိုက်ကို ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသသို့ လွှဲပြောင်းလှူဒါန်းခြင်းနှင့် စာသင်တိုက်ဖွင့်လှစ်ခြင်းအခမ်းအနားကို ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့(မေ ၁၁ ရက်)တွင်ကျင်းပရာ သထုံမြို့မှ လယ်ဝန်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် မှ ဆရာတော်ကြီးများနှင့် ဆတ်သွား မဟာဂန္ဓာရုံဘုံကျော် ဆရာတော်တို့ ကြွရောက်ချီးမြှင့်ကြသည်။

အရှင်ဆန္ဒာဓိကက ကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိသော နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်နှင့် မတည်ငွေသိန်း ၃၀ အပြင် လစဉ် ပစ္စည်းလေးပါးအတွက် တစ်သိန်း၊ အရှင်ဆန္ဒာဓိကနှင့် ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) တို့က ငွေကျပ်သိန်း၂၀၀တန် ဟိုင်းလတ်ကားတစ်စီး၊ ငွေကျပ် သိန်း ၆၀ တန် မီးစက်တစ်လုံးနှင့် ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦးတို့က ငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ ဘုရားစေတီ၊ သိမ်၊ ဓမ္မာရုံ၊ ဆွမ်းချက်ဆောင်၊ ရေစက်၊ အဝီစိတွင်းများနှင့် မတည်ငွေကျပ် သိန်း ၁၀၀၊ ပစ္စည်းလေးပါးအတွက် လစဉ်ငွေကျပ်သုံးသိန်း၊ ဒေါ်ကျင်လှ သား Capt. ဌေးမြင့်က ငွေကျပ် သိန်း ၃၀၊ ဦးစိုးနိုင်ဒေါ်စိမ့်ဟန်နီတို့က ငွေကျပ်သိန်း၂၀၊ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်သိန်း (စိန်မြားဆေးပေါ့လိပ်)နှင့် ဦးနေဝင်း(မြိတ်)တို့က ငွေကျပ်၁၀သိန်းစီနှင့် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက ပစ္စည်းလေးပါးအလို့ငှာ ငွေကျပ်သိန်း ၂၅၀ ကျော်အား ရေစက်သွန်းချ၍ အမျှပေးဝေ လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)** ည ၇ နာရီတွင် ယော ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားတော်မူသည်။



မေ ၁၂ ရက်မှ ၁၄ ရက်အထိ သထုံမြို့တွင် အရှင်ဆန္ဒာဓိက က ဦးဆောင်၍ စာချဆရာတော်များနှင့် စာသင်သား သံဃာ ကိုရင်များက ဆွမ်းတန်း၊ နေ့ဆွမ်း ဆွမ်းခံထွက်ကြရာ သထုံမြို့သူ မြို့သားများက စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လောင်းလှူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၀ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၅၆ နေ သားသမီးမြေးတစ်စုက ဖခင် ဦးကြည်-မိခင် ဒေါ်ကျင်ကြွေအား ရည်စူး၍ ဆူးလေစေတီတော်အရံစေတီ အလတ်တစ်ဆူ ထီးတော်အပါအဝင် ကိုယ်လုံးတော်အား ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူတော်ငွေကျပ် တစ်ဆယ့်နှစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးထွန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း မူလအလှူရှင်ဖြစ်သော ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် အမှတ်၅၇(ခ) မြနန္ဒာလမ်းနေ ကွယ်လွန်သူ ဦးသန်းအောင်အားရည်စူး၍ အဒေါ်ဖြစ်သူ ဒေါ်အေး မိသားစုက အာရုံခံတန်ဆောင်း မွမ်းမံပြုပြင်ရန်နှင့် အလှူခံဌာန ဖောင်းကြွပန်းဆွဲများပြုလုပ်ရန် အလှူငွေကျပ် ၃၀၁၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဇ္ဈိမဒေသဗုဒ္ဓဂယာတွင် သာသနာပြုကုသိုလ်ယူနိုင်ကြ

ရန်ကုန် မေ ၂၁

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်းတွင် သီတင်းသုံးနေတော်မူသည့် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီးသည် ကျောင်းနှင့်ကပ်လျက် မြေနှစ်ဧကကို အလှူခံယူခွင့် ရရှိထားပြီး ဘုရားဖူးများ အဆင်ပြေစေရန်အတွက် စီစဉ်လျက်ရှိရာတွင် ဘုရားပွင့်တော်မူရာ မြေမြတ်တွင် သာသနာပြုကုသိုလ်ယူနိုင်ရန်အတွက် အလှူရှင်များအနေဖြင့် တစ်ပေပတ်လည် မြေတစ်ကွက်လျှင် ကျပ်၂၀၀၀နှုန်းဖြင့် ဒေါက်တာအရှင်သုန္ဒရ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ကျောင်းလမ်း မြေနီကုန်း စမ်းချောင်း ရန်ကုန် (ဂမုန်းပွင့်ကုန်တိုက်ဘေး အောင်တော်မူလမ်း) ဖုန်း-၅၃၇၅၉၇၊ ဆရာတော် ဦးပဏ္ဍဝံသ(မော်လမြိုင်) အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် မုပွန်ရပ် မော်လမြိုင် ဖုန်း-၀၅၇-၂၄၂၉၉၊ ဦးစိုးပိုင်(ပုသိမ်) အမှတ် ၂၈ မရမ်းချိုလမ်း ပုသိမ်မြို့ ဧရာဝတီတိုင်း ဖုန်း-၀၄၂-၂၄၄၇၂၊ ဆရာတော် ဦးပညာသာမိ(တောမိုရဟန်း) တောင်ကလေးဓမ္မရိပ်သာ လှိုင်းဘွဲလမ်း ဘားအံမြို့ ကရင်ပြည်နယ်၊ ဦးလှမြင့်(ပြွန်တန်ဆာမြို့)သီရိရတနာရွှေဆိုင် မင်းလမ်း ပြွန်တန်ဆာမြို့ ဖုန်း-၀၅၂-၄၀၂၃၄၊၀၅၂-၄၀၂၃၀၊ ဒေါ်မြမြလေး(ဒီပါအေးမြတိုက်)မန္တလေးမြို့ ၂၄/၆၄ ထောင့် မဟာဗေယျာဘုံရပ် မန္တလေး ဖုန်း-၀၂-၃၄၄၈၅၊ ၀၂-၃၉၃၈၈၊ ဆရာတော် ဦးနန္ဒိယ(ရွှေတောင်)တိလောကာရုံကျောင်း ရွှေတောင်မြို့ ပဲခူးတိုင်း ဖုန်း-၀၅၃-၂၄၂၂၂၊ ဦးစိုးဝင်း(တောင်ကြီး)J-၂၂ နေခြည်လင်းအလှကုန်ဆိုင် မြို့မဈေး (နာရီစင်အနီး) တောင်ကြီးမြို့ ရှမ်းပြည်နယ် ဖုန်း-၀၉-၅၂၁၂၈၅၃၊ ၀၈၁-၂၄၂၀၁(၁၈၃)၊ ဦးမောင်မောင်တာ-ဒေါ်အေးအေးဝင်း(မကွေး) 'တာ'ကွမ်း၊ကွမ်းသီးရောင်းဝယ်ရေး မြို့မဈေးကြီး မကွေးမြို့ ဖုန်း-၀၆၃-၂၃၅၅၇၊ ၂၃၅၅၈၊ ဦးလှမြင့်-ဒေါ်ကြည်အေး ဟောင်ကောင်သူ စားသောက်ဆိုင်နှင့် ဧည့်ရိပ်သာ ခေတ္တရာခန်းမရှေ့ ဗိုလ်ချုပ်လမ်း ပြည်မြို့ ဖုန်း-၀၅၃-၂၆၀၅၈၊ ၂၂၄၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်နှုန်းမြင့်လက်ပ်တော့များ အပ်ပဲလ်မှ တီထွင်ထုတ်လုပ်

အပ်ပဲလ်ကွန်ပျူတာကုမ္ပဏီသည် ၎င်း၏ ပီစီကွန်ပျူတာပြိုင်ဘက်များအသုံးပြုနေသော အင်တဲလ်ချစ်ပ်များကို ပြောင်းလဲအသုံးပြုထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တီထွင်ထုတ်လုပ်

အဆိုပါ ကုမ္ပဏီက ယခင်ထုတ်လုပ်ထားသော iBookလက်ပ်တော့ကွန်ပျူတာများနေရာတွင် Mac Book လက်ပ်တော့ကွန်ပျူတာအသစ်များကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အသုံးပြုမည်

အပ်ပဲလ်က အိုင်ဘီအမ်မှ ထုတ်လုပ်သော ၎င်း၏ကွန်ပျူတာအားလုံးကို အင်တဲလ်ကုမ္ပဏီမှထုတ်သော ချစ်ပ်ပြားများကို အသုံးပြုမည်ဟုဆိုသည်။

ယင်းကြိုးပမ်းမှုမှာ ကွန်ပျူတာသုံးစွဲသူများ အကြိုက်ဆွဲဆောင်၍ သော်လည်းကောင်း၊ အမေရိကန်၏ ကွန်ပျူတာဈေးကွက်ကို ၅ ရာခိုင်နှုန်း ခွဲဝေယူ၍သော်လည်းကောင်း ကြိုးပမ်းခြင်းဖြစ်ကြောင်း သိရသည်။

အသစ် ထုတ်လုပ်လိုက်သော Mac Book ကွန်ပျူတာသည် Mac Book Pro မော်ဒယ်များထက် ဈေးမြင့်ပြီး ဝက်ဘ်ကင်မ်ဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

အင်တဲလ်ချစ်ပ်သုံး အဆိုပါ Mac Book ကွန်ပျူတာသည် ၁၃ လက်မ အရွယ်အစားရှိပြီး ဈေးနှုန်းမှာ ဒေါ်လာ ၁၀၉၉ ဖြစ်ကြောင်း သိရသည်။

ပို၍အသုံးတည့်

ယခုအသစ်ထုတ်လုပ်သော ကွန်ပျူတာမှာ လက်ရှိ လက်ပ်တော့ကွန်ပျူတာများထက် လေးဆ၊ ငါးဆ ပို၍မြန်ကြောင်း၊ ကျောင်းသားကျောင်းသူများအတွက် ပို၍အသုံးတည့်ကြောင်း အပ်ပဲလ်က ပြောကြားသည်။

(ကိုးကား-အင်တာနက်)

ကွန်ပျူတာဂိမ်းကစားသူများ တီထွင်မှုစွမ်းရည်ထက်မြက်စေနိုင်

ယနေ့ခေတ် ဂိမ်းကစားသူများသည် ဒီဇိုင်းနာများအသင်းအဖွဲ့ဖြင့် စကြဝဠာကြီးကိုလည်း ဖန်တီးနိုင်ကြောင်း၊ ကိုယ်ပိုင်ကမ္ဘာကြီးကိုလည်း တည်ဆောက်နိုင်ကြောင်း၊ လိုအပ်သော ပုံသဏ္ဌာန်များကိုလည်း ဖန်တီးနိုင်ကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အခွင့်အလမ်း

ဆော့ဖ်ဝဲလ်များတိုးတက်ခြင်း၏ အနာဂတ်သည် အသုံးပြုသူများ၏ ဖန်တီးမှုအခွင့်အလမ်းကိုဖြစ်စေကြောင်း ကွန်ပျူတာပညာရှင် ဒေးဗစ်ဖလက်က ပြောကြားသည်။

အံ့သြဖွယ်ကောင်းအောင်

ဂိမ်းကစားသူများသည် အင်ဂျင်များ၊ အဝတ်အစားများ ထုတ်လုပ်ခြင်း သို့မဟုတ် ဗိသုကာလက်ရာများ ဖန်တီးခြင်းကဲ့သို့သောအရာများကို အံ့သြဖွယ်ကောင်းလောက်အောင် ဖန်တီးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ရေပန်းစား

ထိုကဲ့သို့ ဂိမ်းကစားခြင်းသည် ကုန်ကျစရိတ်ကြီးမားသော်လည်း အွန်လိုင်းဂိမ်းများ ကမ္ဘာအရပ်ရပ်တွင် သုံးစွဲမှု ရေပန်းစားလာသည်။

သို့ရာတွင် ဂိမ်းကစားသောသူ အားလုံးသည် ၎င်းတို့၏ ဖန်တီးထားသော ကိုယ်ပိုင်အရာများကို ရောင်းချနိုင်ခြင်းမရှိပေ။

တီထွင်မှုစွမ်းရည်

ကွန်ပျူတာဖြင့်ဂိမ်းကစားသူများသည် ဆော့ဖ်ဝဲလ်များကိုအသုံးပြု၍ လိုအပ်သောပုံစံအမျိုးမျိုးကို တီထွင်ဖန်တီးနိုင်သဖြင့် တီထွင်မှုစွမ်းရည်ကို မြင့်မားစေကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

အင်တာနက်

သတင်းနှင့်

ဓာတ်ပုံများ

ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ သဘာဝဝန်းကျင်ယိုယွင်းမည့်ကိစ္စများ သတိထားဆောင်ရွက်ရန်လို

● **ရွှေဖုံးမှ**

အချိန်မီတားဆီးကာကွယ်မှု မပြုလုပ်နိုင်ကြလျှင် ကြီးမားသော အကျိုးဆက်များနှင့် ကြုံတွေ့ရမည်ဟု ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့တွင် မေ ၁၈ ရက်က ပြုလုပ်သော **"ဇီဝမျိုးစုံ မျိုးကွဲများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးရေးလိုအပ်နေပြီ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ဆွေးနွေးပွဲ၌ ဒေါက်တာ ရူဒီ ဂါချီဇာက ပြောကြားလိုက်သည်။

သဘာဝအရင်းအမြစ်

ဂျာမနီနိုင်ငံဖရန့်ဖွတ်မြို့၌ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများဆိုင်ရာ ကျွမ်းကျင်သူပညာရှင် ဒေါက်တာ ရူဒီ ဂါချီဇာက ယနေ့ကမ္ဘာတွင် လူဦးရေ တိုးတက်များပြားလာမှု၊ ရာသီဥတု ပြောင်းလဲမှု၊ သဘာဝအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု၊ ရေနှင့်စားနပ်ရိက္ခာ တဖြည်းဖြည်း လျော့နည်းလာမှုများကို သတိမူကြပြီး မည်သို့ ထိန်းသိမ်းကာကွယ်ကြရန် အဖြေထုတ်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း ဆော်ဩခဲ့သည်။

ယိုယွင်းပျက်စီး

ယခုအခါ အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေသော လူ့အဖွဲ့အစည်းများကြောင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများရှိနေကာ တိရစ္ဆာန်မျိုးစိတ်အများအပြား၊ ကျေးငှက်မျိုးစိတ် ဒါဇင်ပေါင်းများစွာနှင့် သစ်ပင်မျိုးစိတ် ရာပေါင်းများစွာ ပျက်စီးဆုံးရှုံးပျောက်ကွယ်လျက်ရှိသည်ဟု ပညာရှင်များက ပြောကြားလျက်ရှိသည်။

သစ်တော

မကြာမီကာလက ပြုလုပ်သော သုတေသနပြုချက်တစ်ခုအရ အိန္ဒိယနိုင်ငံတွင် ရှိသည့်သစ်တော ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် လာမည့် ၂၁၀၀ ပြည့်နှစ်တွင် ၅၂ ဒသမ ၈ ရာခိုင်နှုန်းအထိ သာရှိတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပေါ်၌ အကောင်ရေ အနည်းငယ်သာ ကျန်ရှိတော့သည့် ရှားပါးမျိုးနွယ်များ၊ ဝက်ဝံနက်များ၊ မျောက်လွှဲကျော်များ၊ တောကြက်များနှင့် အခြားရှားပါး တိရစ္ဆာန်များလည်း ပါဝင်ကြောင်း ဂျာမနီနိုင်ငံတွင် ထုတ်ဝေသည့် ဇီဝမျိုးကွဲများဆိုင်ရာ ဂျာနယ်၌ ဖော်ပြထားသည်။

အချိန်တိုအတွင်း

တစ်ဖန် နိုင်ငံများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးချဲ့ရေးကို ဆောင်ရွက်ရာတွင် သတိထားဆောင်ရွက်ကြရန်နှင့် ထိုသို့ သတိမပြုမိပါက ငှက်မျိုးစိတ်များ၊ ငါးနှင့်တိရစ္ဆာန်မျိုးစိတ်များသည် အချိန်တိုကာလအတွင်း ထိခိုက်ပျက်စီးသွားမည်ဖြစ်ကြောင်း စင်ကာပူတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးဖြစ်သည့် အမ်ကေပင်ဒစ်က ပြောကြားသည်။

တိုက်တွန်းထား

ဒေသဆိုင်ရာ အဖွဲ့အစည်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းစေမည့် ကိစ္စရပ်များကို အထူးသတိထားဆောင်ရွက်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးကာ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်သွားကြရေးကိုလည်း အမ်ကေပင်ဒစ်က တိုက်တွန်းထားသည်။

ယခုရက်ပိုင်းအတွင်း ကျင်းပမည်ဖြစ်သည်။ တောင်အာဖရိက၊ မာလာဝီနှင့် ဇင်ဘာဘွေနိုင်ငံတို့အပြင် အာဖရိကနိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များ၊ သတင်းပြန်ကြားရေးနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြမည်ဖြစ်သည်။

တိုက်တွန်းဆွေးနွေး

ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ဖြစ်ထွန်းနေစေရေးအတွက် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများဖြစ်ပေါ်စေမည့် ကိစ္စရပ်များနှင့် အစားအစာထုတ်လုပ်မှုများကို အတတ်နိုင်ဆုံးလျှော့ချရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ကျားသစ်နက်။ (ဓာတ်ပုံ-အင်တာနက်)

မျိုးသုဉ်းလု

ထို့အပြင် အခြား သုတေသနပြုချက်တစ်ရပ်၌လည်း ဇီဝမျိုးစုံမျိုးကွဲများပျက်စီးဆုံးရှုံးမှုကို အလေးမမူဂရုမထားပါက မကြာမီကာလအတွင်း အပင်မျိုးစိတ် ၃၆၆ ခု၊ ကျေးငှက်မျိုးစိတ် ၄၀ နီးပါးခန့်၊ ငါးနှင့်နို့တိုက်သတ္တဝါမျိုးစိတ် အများအပြား မျိုးသုဉ်းပျောက်ကွယ်သွားတော့မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုသို့ မျိုးသုဉ်းပျောက်ကွယ်သွားမည့် ဇီဝမျိုးကွဲများတွင် ကမ္ဘာ

အမေဇုန်သစ်တောအတွင်း ဤသို့ မော်တော်ကားလမ်းများ ဖြတ်ဖောက်မှုကြောင့် ဂေဟစနစ်ပျက်စီးရသည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာပေါ်တွင်ရှားပါးသော ပုရွက်ဆိတ်စားကောင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ညီလာခံကျင်းပမည်

ထို့အတူ အာဖရိကနိုင်ငံများ၏ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ညီလာခံကို

အမေဇုန်သစ်တော

ထို့အတူ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသစ်တောကြီးဖြစ်သည့် အမေဇုန်မိုးသစ်တောကြီးကို ပိုင်ဆိုင်သည့်

ကမ္ဘာပေါ်တွင် မျိုးသုဉ်းမှု အန္တရာယ်နှင့် ကြုံတွေ့နေရသည့် ဝက်ဝံနက် တစ်ကောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးနိုင်ငံတွင်လည်း နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ ပူးပေါင်းကာ အမေဇုန်သစ်တောကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အမေဇုန်သစ်တောအတွင်း ဇီဝမျိုး မျိုးကွဲမျိုးစုံများ ပျက်စီးဆုံးရှုံးမှု လျော့နည်းကျဆင်းရေးကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ပေးရန်

ယခုအခါ အမေဇုန်သစ်တောအတွင်းသစ်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းအချို့ ထူထောင်မှုအပြင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ တိုးချဲ့လာမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်

တောင်အာဖရိကနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် သစ်ပင်များ ခုတ်လှဲမှုတို့ကြောင့် တောင်ကတုံးများဖြစ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိခိုက်ပျက်စီးမှုရှိနေပြီး ဇီဝမျိုးကွဲများ ထိခိုက်ပျက်စီးမှုတို့မှ ကာကွယ်မှုပေးရန် ဘရာဇီးအစိုးရက ဆော်ဩလျက်ရှိသည်။

အလေးထားဆောင်ရွက်

အမေဇုန်သစ်တောအတွင်း ကမ္ဘာ့ကျေးငှက်မျိုးစိတ်၏ ခြောက်ပုံတစ်ပုံနေထိုင်ကျက်စားလျက်ရှိပြီး ကမ္ဘာ့ကုန်းနှင့်ရေ နှစ်မျိုးစလုံးနေသော သတ္တဝါ ရှစ်ပုံ တစ်ပုံနေထိုင်ကာ ကမ္ဘာ့နို့တိုက်သတ္တဝါ ၁၁ မျိုး၏ တစ်ပုံနေထိုင်သည့် သစ်တောဖြစ်သည်။ ထို့အပြင် သစ်ပင်အမျိုးအစားပေါင်း ငါးထောင်ခန့် ပေါက်ရောက်လျက်ရှိသည်။ ထို့ကြောင့် အမေဇုန်သစ်တော၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကာကွယ်ရေးတို့ကို ဘရာဇီးနိုင်ငံက အလေးထားဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းလက်တွဲ

၂၀၁၀ ပြည့်နှစ် ရည်မှန်းချက်ဖြစ်သော ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကမ္ဘာ့အဖွဲ့အစည်း နိုင်ငံတကာအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲကာ ယခုထက်ပိုမို ထိရောက်သော ဆောင်ရွက်မှုများဖြင့် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်း စုဆောင်း ဖော်ပြလိုက်ရပါသည်။ ။ **(ကိုးကား-အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၅-၂၀၀၆ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၈။ ဆပ်သွားတံတား
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Grammar made Easy

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ရူပဗေဒ]
- ၁၇း၀၅ ၆။ အကပဒေသာ
- ၁၇း၁၅ ၇။ မြန်မာ့ရိုးရာတောလေကျေးလက်တေးသံများ
- ၁၇း၂၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၇း၃၅ ၉။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၁၇း၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈း၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၃။ အတီးပြိုင်ပွဲ
- ၁၈း၅၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉း၀၅ ၁၅။ အဆိုပြိုင်ပွဲ
- ၁၉း၁၅ ၁၆။ မံဆောင်းတံတား(ချင်းပြည်နယ်)
- ၁၉း၂၅ ၁၇။ အကပြိုင်ပွဲ
- ၁၉း၃၅ ၁၈။ တေးဂီတအစီအစဉ်
- ၁၉း၅၀ ၁၉။ မြန်မာမှုပန်းဆယ်မျိုး (ပန်းပဲ)
- ၂၀း၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း-၁၅)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၂၀)ဖြန့်ချီ

ရန်ကုန် မေ ၂၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၂၀)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ရန်ကုန်ရောက်၊ ကမ္ဘာ့ဖလားပွဲကို ရှစ်ပေစလောင်း လိုင်းလေးလိုင်းမှ တရားဝင်ပြသခွင့်ရ၊ ဖျာပုံတံတားပေါ်မှ ရန်ကုန်-ဖျာပုံ-ဘိုကလေးသို့ ကားဖြင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်တော့မည် စသည်ဖြင့် ပြည်တွင်းရေးရာ သတင်းဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖခင်ဩဇာသည် သားသမီးတို့၏ အလုပ်အကိုင်ပေါ် ရိုက်ခတ်မှုရှိ၊ ကြွက်ကလေးများသုံးကာ မိုင်းရှင်းမည်၊ စာအုပ်သစ်ရိုက်နှိပ်မှုတွင် စာကြမ်းပိုးဗြိတိန်က အမေရိကန်ကိုကျော်တက် စသည့်နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈ က ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

ကိုယ်အလေးချိန်အတန်းလိုက် ရွှေခါးပတ်ဆုရှင်များ အဖြေထုတ်မည့်ပွဲများဖြစ်ရာ ပရိသတ်အထူးများပြား၍ ဆိုင်းချက်နှင့်အတူ လက်ခုပ်သံများမြိုင်ခဲ့

✡ *ကျောဖုံးမှ*

ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

တံခွန်စိုက်ဆု

ကိုယ်အလေးချိန် အတန်းအလိုက် ရွှေခါးပတ် ချန်ပီယံလုပွဲနောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ၁၀ပွဲယှဉ်ပြိုင်ထိုးသတ်ရာ အလဲထိုးပွဲများနှင့် ငါးချီပြည့်သည်အထိ အချီပြည့်ထိုးသတ်သောပွဲများပါဝင်၍ ပရိသတ်အကြိုက် ပွဲကောင်းများဖြစ်ခဲ့သည်။ ကိုယ်အလေးချိန် အတန်းအလိုက် ရွှေခါးပတ်ဆုရှင်များကို အဖြေထုတ်ပေးမည့် ပွဲစဉ်များဖြစ်ရာ ပရိသတ်အထူးများပြားစွာ လာရောက်ခဲ့ကြပြီး ဆိုင်းချက်နှင့်အတူ လက်ခုပ်သံများမြိုင်ခဲ့သည်။ ဘီလပ်မြေစက်ရုံကလပ်မှ လက်ဝှေ့သမားငါးဦး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ပြီး သုံးဦး အနိုင်ရရှိသဖြင့် အသင်းလိုက် တံခွန်စိုက်ဆု ဆွတ်ခူးသွားသည်။

ပွဲစဉ်(၃၃) လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလို ဗိုလ်လုပွဲစဉ်အဖြစ် နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)နှင့် မိုးသီး(မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့် အဆုံးအဖြတ်ယူခဲ့ရသည်။ အမှတ်ပေးဒိုင်လူကြီးငါးဦးစလုံးက အကွဲအပြားမရှိ နိုင်ဝင်း (ဘီလပ်မြေစက်ရုံ)ကို အနိုင်ပေးလိုက်၍ ဘီလပ်မြေစက်ရုံကလပ် တာထွက်ကောင်းသွားသည်။

ပွဲသိမ်းတိုက်ကွက်

မိုးသီးက အလုံးအထည်သာပြီး သမ္မာရင့်သူဖြစ်၍ အတင်းဝင် အတင်းထွက် ဦးဆောင်ထိုးသော်လည်း နိုင်ဝင်းက လူချင်းမခွာဘဲ ပူးချုပ်ထိုး၍ ပွဲကောင်းခဲ့သည်။ မိုးသီးက ခြေကန်ချက်ဖြင့် မလဲမချင်း အသဲခင်းထိုးသော်လည်း နိုင်ဝင်းက အသဲကောင်းသူမို့ “လာသူငယ်ချင်း နင်ပဲ နင်မို့ ထိုးနိုင်မလား၊ ငါပဲငါမို့ ခံနိုင်မလား” သတ္တိပြ၍ ဆိုင်ချပြိုင်ချသည်။ မိုးသီးက ပွဲသိမ်းတိုက်ကွက်ဖြင့် ဆွဲဖက်ကိုင်ပေါက်ရာ နိုင်ဝင်းကလည်း ဖမ်းချုပ် ဖက်လှဲ ရိုးရာဇွဲကို ပြလေရာ တတိယအချီ၌ မိုးသီး သက်လုံကျစပြုလာသည်။ ပဉ္စမအချီ၌ မျက်ခုံးကွဲထားသော မိုးသီး ဆိုင်ထိုးပြိုင်ထိုးရင်း လဲကျ၍ အမှတ်စဉ် ရေတွက်ခြင်းခံရသဖြင့် နိုင်ဝင်း အမှတ်ပိုရသွားခြင်းဖြစ်သည်။

ပွဲအပြီးတွင် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ဒုတိယရရှိသော မိုးသီး(မြန်မာပြည်သား)အား ဆုတံဆိပ်နှင့် ငွေသားဆု၊ ပထမဆုရရှိသော နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆု ပေးအပ်ချီးမြှင့်သည်။

အလဲထိုး

ပွဲစဉ်(၃၄) ဖလိုင်းဝိတ်တန်း ၅၁ ကီလိုဗိုလ်လုပွဲစဉ်အဖြစ် ရွှေကျည်ဆံ(ဘီလပ်မြေစက်ရုံ)နှင့် ထစ်ချုန်း (KLN)တို့ ယှဉ်ပြိုင် ထိုးသတ်ရာ ရွှေကျည်ဆံ(ဘီလပ်မြေစက်ရုံ) က ဒုတိယအချီ ၅၂စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘီလပ်မြေစက်ရုံကလပ်မှ လက်ဝှေ့ကျော်နှစ်ဦး ဆက်တိုက် အနိုင်ရရှိသော်လည်း KLN ကလပ်မှ လက်ဝှေ့ကျော်များ ယခုပြိုင်ပွဲ၌ မျက်နှာပန်းမလှဘဲ ဖြစ်သွားရသည်။

အကြိုဗိုလ်လုပွဲစဉ်၌ အလဲထိုးဖြင့် ပွဲသိမ်းမြန်ခဲ့သော ရွှေကျည်ဆံက ယနေ့ပွဲစဉ်၌လည်း အပေါ်စီးမှ ထိုးသတ်ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒိုင်လူကြီးကထိုး ဆိုသည်နှင့် ရွှေကျည်ဆံက ခြေကန်ချက်နှင့် လက်သီးတွဲလွှတ်သည်။

ရွှေကျည်ဆံက လွှတ်ဟော့ ဆိုသည်နှင့် အပေါ်စီးမှ ထိုးသတ်ရာ ထစ်ချုန်း ကြောင်သလိုလို ငေါင်သလိုလို ဖြစ်သွားသည်။ ရွှေကျည်ဆံက ထစ်ချုန်း ရင်ဝကို ခြေဖြင့် ဆောင့်ကန်ရာ ထစ်ချုန်းက ဖမ်းတားပြီး ဆွဲလှဲရန်ကြိုးစားသည်။ အသားဖြူသော ထစ်ချုန်းမျက်နှာ လက်သီးချက်မိ၍ နီရဲလာသည်။

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အကောင်းဆုံးအားကစားသမားဆုရ ကြယ်လင်းအောင် (တောင်ကလေး) အား ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲတွင် အသင်းလိုက်တံခွန်စိုက်ဆုရ အမှတ်(၁) တပ်မတော်ဘီလပ်မြေစက်ရုံအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မစ်ဒယ်အထက် အလွတ်တန်းပြိုင်ပွဲတွင် နာမည်ကြီး ရွှေဝါထွန်းက ခုန်ပျံ၍ ဘယ်ဝိုက်လက်သီးဖြင့် ချန်ပီယံလုံးချော (˚˚KLN˚)၏ ညာနားထင်အား ဤသို့ထိမိခဲ့သည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ညာဖြော့င်လက်သီး

ရွှေကျည်ဆံက ဆိုးကန် ဆတ်ကန်၊ ဖျိုးကန် ဗျတ်ကန် ထိုးရာ ထစ်ချုန်း မူးဝေသွားသည်။ရွှေကျည်ဆံ ထိုးချက်က ဘေးလူများပင် သွေးဆူလောက်အောင် မြန်သည်၊ မှန်သည်၊ တိကျသည်။ ရွှေကျည်ဆံ စီးစီးပိုင်ပိုင် ထိုးရင်း ညာဖြော့င်လက်သီးက ထစ်ချုန်းမေးရိုးကို ခွပ်ကနဲ ထိရာ ပုံကျသွားသည်။ ထစ်ချုန်း အမှတ်စဉ် ၁၀ ရေတွက်ပြီးသည်အထိ ပြန်ထမလာနိုင်၍ ရွှေကျည်ဆံ ပွဲသိမ်းမြန်သည့် အစဉ်အလာ ဆက်ထိန်းနိုင်ခဲ့သည်။ ပွဲအပြီးတွင် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်က ဒုတိယရရှိသော တစ်ချုန်း (KLN)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ) အား ငွေသားဆုနှင့် ရွှေခါးပတ်ဆု ပေးအပ်ချီးမြှင့်သည်။

ပွဲစဉ် (၃၅) ဘင်ဝိတ်တန်း ၅၄ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ဒေါနအောင် (ကျွဲမင်း)နှင့် အသဲစွဲ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒေါနအောင်(ကျွဲမင်း)က တတိယအချီ ၁မိနစ် ၂၇စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။ အသဲစွဲက ပထမအချီ၌ စွတ်ဝင်၊ စွတ်ထိုး ပူးချုပ်ဒူးတိုက်၍ အသာစီးမှ ရှိခဲ့သည်။ ဒုတိယအချီနှင့် တတိယအချီတွင် ဒေါနအောင်က သူ့ကိုယ်ပိုင်ဟန်ဖြစ်သော သဲ့ဒူး၊ နဲ့ဒူး၊ ပင့်ဒူးများ သုံးပြီး အမှည့်ခြွေ ခြွေရာမှ ပွဲသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါနအောင်က အရပ်မြင့်၍ လူချင်းခွာပြီး ခြေဖြင့်ခတ်ရာ အသဲစွဲက လူချင်းပူးကာ လက်သီးပြင်း ထိုးသည်။ ဒေါနအောင်က အပူးမခံတော့ဘဲ ရှင်းကနဲ လင်းကနဲ ထိုးသည်။ လူချင်းအပူးမှာ ဒေါနအောင်က ပင့်ဒူးကို အားထည့်တိုက်ရာ အသဲစွဲ အရှိုက်ကို မိမိရရထိသွားသည်။ အသဲစွဲ မှောက်လျက်သားကျသွားရာမှ ပြန်မထနိုင်တော့သဖြင့် အသည်းကွဲခဲ့ရသည်။ ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ဒုတိယရရှိသော အသဲစွဲ(ဘီလပ်မြေစက်ရုံ)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော ဒေါနအောင်(ကျွဲမင်း)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆုပေးအပ် ချီးမြှင့်သည်။

စတုတ္ထအချီ

ပွဲစဉ်(၃၆) ဖယ်သာဝိတ်တန်း ၅၇ကီလို ဗိုလ်လုပွဲစဉ်အဖြစ် မိုက်ခဲ (ကျွဲမင်း)နှင့် ဒေါနပန်း(ကျွဲမင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စတုတ္ထအချီ၌ ညီဖြစ်သူမိုက်ခဲ(ကျွဲမင်း)အရှုံးပေးလိုက်၍ အစ်ကိုဖြစ်သူ ဒေါနပန်း (ကျွဲမင်း) အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ဒုတိယရရှိသော မိုက်ခဲ(ကျွဲမင်း)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော ဒေါနပန်း(ကျွဲမင်း)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆု ပေးအပ်ချီးမြှင့်သည်။

လက်ဝှေ့ပညာကုန်ထုတ်

ပွဲစဉ်(၃၇) လိုက်ဝိတ်တန်း ၆၀ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် စောလူမင်း (တောင်ကလေး)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၁မိနစ် ၅၉ စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။ ၂၀၀၀ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းအား ပွဲမစမီမှာပင် ပရိသတ်များက ဆုငွေများ ချီးမြှင့်ခဲ့ကြရာ ဝင်းထွန်းကလည်း လက်ဝှေ့ပညာကုန်ထုတ်ပြပြီး အနိုင်ယူခဲ့သည်။

ဝင်းထွန်းက လွှတ်ဟော့ ဆိုသည်နှင့် စောလူမင်းကို ကြိုးဝိုင်းထောင့်ပို့ပြီး ချောင်ပိတ်ထိုးသည်။ ဝင်းထွန်းက ဒူး၊ တံတောင်၊ လက်သီး စွယ်စုံသုံးပြီး ပညာခန်းကို ထုတ်ပြသည်။ ပထမအချီ၌ စောလူမင်းက တောင်ကလေးကလပ်၏ဂုဏ်ကို ထိန်းသည့် အနေဖြင့် အထိုးခံရလည်း မဖြုံရေးချမဖြုံ မျက်နှာပေးဖြင့် ခံထိုး၊ ခံကန်သည်။ ဝင်းထွန်းက မပိုင်သေး၍ ပထမအချီ၌ ပွဲမသိမ်းဘဲ ထားလိုက်သည်။ ဒုတိယအချီ၌ နှစ်ဦးသား ချိန်နေသည်မှာကြာ၍ ဒိုင်လူကြီးက ထိုးခိုင်းရာ ဝင်းထွန်း ပညာစွမ်းပြတော့သည်။ စောလူမင်း လဲကျ၍ အမှတ်စဉ် ရေတွက်ခြင်း ခံရသော်လည်း ပြန်ထလာသည်။ မူးဝေစွာနှင့် ထလာသော စောလူမင်းကို ဝင်းထွန်းက အချိန်မဖြုန်းတော့ဘဲ လက်ကုန်ထိုးရာ စောလူမင်း တော်ပါပြီ ဖြစ်သွားသည်။

မစ်ဒယ်အထက် အလွတ်တန်းပြိုင်ပွဲတွင် အချီပြည့်ထိုးသတ်ပြီး အမှတ်ဖြင့်အနိုင်ရရှိသွားသော လုံးချော (KLN˚) အား ဒိုင်လူကြီးက အနိုင်ရရှိကြောင်းကြေညာစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဒူးတိုက်ချက်

ပရိသတ်များက ယခုပွဲအဖြေကို အလွတ်ရနေပြီး ဖြစ်သော်လည်း ဝင်းထွန်း၏ ထိုးချက်လန်ထွက်နေသည့်အပြင် ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းပြလိုက်ရာ လက်ခုပ်သံများ မြိုင်သွားသည်။ ပွဲအပြီးတွင် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(KLN) က ဒုတိယရရှိသော စောလူမင်း(တောင်ကလေး)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း) အား ငွေသားဆုနှင့် ရွှေခါးပတ်ဆု ပေးအပ်ချီးမြှင့်သည်။

ပွဲစဉ်(၃၈) လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ဒသမ၅ကီလို ဗိုလ်လုပွဲစဉ်အဖြစ် နဂါးလေး(မြွေဟောက်မင်း)နှင့် ကြယ်လင်းအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ကြယ်လင်းအောင်က တတိယအချီ ၂၁စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ တောင်ကလေးကလပ်၏ တောက်ပလာသော ကြယ်တစ်ပွင့်ဖြစ်သည့် ကြယ်လင်းအောင်ကို အားလုံးက နိုင်မည်ဟုထင်သည့်အတိုင်း ကွက်တိမှန်ခဲ့သည်။ ကြယ်လင်းအောင်၏ ထိုးလုံး ထိုးကွက်မှာ ယခုပြိုင်ပွဲ၌ ပရိသတ် စွဲမက်စရာဖြစ်ခဲ့သည်။ ကြယ်လင်းအောင်က ရှယ်ကန်ချက်၊ ရှယ်လက်သီးများကို မတုန့်မဆိုင်း လှိုင်းထန်ပြခဲ့ရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး လက်ဝှေ့သမားဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အားမတန်

ကြယ်လင်းအောင်က သူ့စတိုင်အတိုင်း ခြေကန်ချက်ဖြင့် အောက်ပိုင်းကို ဖြုတ်ရိုက်လိုက်ရာ နဂါးလေး အမောက်ထောင်မပြနိုင်ဘဲ အမှတ်စဉ်ရေတွက် ခြင်းခံရသည်။ နဂါးလေးက ဟန်ကိုယ့်ဖို့ဆိုသည့် အနေအထားဖြင့် ဆိုင်ကန်၊ ဆိုင်ခတ်သော်လည်း အားမတန်ဘဲ မာန်လျှော့ခဲ့ရသည်။ ကြယ်လင်းအောင်က နဂါးလေး၏ အောက်ပိုင်းကို အကြိမ်ကြိမ် ရိုက်ဖြုတ်ရာ နဂါးလေး ခြေယိုင်လာသည်။ နဂါးလေးက မဟန်သည့်ကြားမှ ခေါင်းဖြင့် ပြေးတိုက်ပြီး လက်သီးဆင့်ထိုးရာ ကြယ်လင်းအောင်က အပြုံးမပျက်ချေ။ တတိယအချီ လွှတ်ဟော့ဆိုသည်နှင့် ကြယ်လင်းအောင်က အောက်ပိုင်းကို သုံးချက်လောက်ဆင့် ရိုက်လိုက်ရာ နဂါး လေး လဲကျပြီး ဆက်မထိုးနိုင်၍ အကူလူများက ကြိုးဝိုင်းထဲဝင်ကာ တွဲထူလိုက်ရသည်။

လုံးချော လက်သီး၊ တံတောင်စုံလင်စွာ အပြင်းစားတိုက်ကွက်သုံး ရွှေဝါထွန်း သမ္မာနှင့်ပညာကိုပြ၍ ပရိသတ်ဩဘာသံမစဲဖြစ်

ပွဲအပြီးတွင် ထက်လင်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ထွန်းက ဒုတိယရရှိသော နဂါးလေး(မြွေဟောက်မင်း)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမဆုရရှိသော ကြယ်လင်းအောင်(တောင်ကလေး)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆု ပေးအပ်ချီးမြှင့်သည်။

ပွဲစဉ် (၃၉) ဝယ်လ်တာဝိတ်တန်း ၆၇ ကီလိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကြီးအောင် (အလင်းရောင်)နှင့် သူရရဲအောင် (မြန်မာပြည်သား)တို့ ယှဉ်ပြိုင် ထိုးသတ်ရာ သူရရဲအောင် (မြန်မာပြည်သား)က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ငါးချီပြီးဆုံးသည်အထိ အလဲထိုးနိုင်ခြင်းမရှိ၍ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးအနက် သုံးဦးက သူရရဲအောင်ကို အနိုင်ပေးလိုက်ခြင်းဖြစ်သည်။

လက်ရည်တူ

အကြိုဗိုလ်လုပွဲစဉ်၌ တာတိုးဝါး (ဘီလပ်မြေစက်ရုံ) ကို အမှတ်ဖြင့် အနိုင်ယူခဲ့သည့် ပုံစံအတိုင်း ယခုပွဲစဉ်၌လည်း သူရရဲအောင်က ခံစစ်အနေအထားမှ တန်ပြန်ထိုးရင်း ဒိုင်လူကြီးများ မျက်စိကျအောင်ယှဉ်ပြိုင်သွားခြင်းဖြစ်သည်။ ရန်ကြီးအောင်က သူ့ဟန်သူ့မူအတိုင်း အနင်းအတား အပြင်းစားများဖြင့် ခြေကန်ချက်အားပြုရာ သူရရဲအောင်က တုံ့မဆိုင်းဘဲ ချုပ်သိုင်းဖြင့် ဖက်ထားသည်။ ရန်ကြီးအောင်က ဖွင့်တိုက်သလောက် သူရရဲအောင်က သပ်သပ်ရပ်ရပ်နှင့် သက်လုံချွေထိုးသည်။ လက်ရည်တူသူများဖြစ်၍ တစ်ဦးနှင့်တစ်ဦး အမှားကို စောင့်ထိုးနေ၍ ထင်သလောက် ပွဲမကောင်းခဲ့ချေ။

ပဉ္စမအချီ၌ အသဲကိုအသဲချင်း ဖွဲ့ကိုဖွဲ့ချင်း ပြိုင်ရမည့်အစား အလဲထိုးခံရမည်ကို စိုးရွံ့သည့်အလား ပါးပါးလေးပုတ်နေကြ၍ ပွဲမှာအသက်မဝင်ဘဲ ဖြစ်ခဲ့ရသည်။ ရန်ကြီးအောင်က စထိုးမှ သူရရဲအောင်က ကောင်တာပြန်ထိုးပြီး ပူးမိဖက်မိလျှင် သူရရဲအောင်က လှဲချဖို့ကြိုးစားသည်။ ပွဲအပြီးတွင် Myanmar Towards Co.,Ltd. မှ ဒါရိုက်တာ ဦးအောင်တင်က ဒုတိယရရှိသော ရန်ကြီးအောင် (အလင်းရောင်)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော သူရရဲအောင်(မြန်မာပြည်သား)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆုပေးအပ်ချီးမြှင့်သည်။

ပွဲစဉ် (၄၀) လိုက်မစ်ဒယ်ဝိတ်တန်း ၇၁ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ကျော်ငြိမ်း (ဘီလပ်မြေစက်ရုံ)နှင့် ဈာန်ထူး (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဈာန်ထူး (တောင်ကလေး)က အမှတ်ဖြင့်အနိုင်ရရှိသွားသည်။ ငါးချီပြီးဆုံးသည်အထိ အလဲမထိုးနိုင်ကြသဖြင့် အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးလေးဦးက ဈာန်ထူး(တောင်ကလေး)ကို အနိုင်ပေးလိုက်ခြင်းဖြစ်သည်။

မစ်ဒယ်ဝိတ် ၇၅ ကီလိုတန်း ဗိုလ်လုပွဲတွင် ဇာနည်ဆင်ရိုင်း (တောင်ကလေး) အား အနိုင်ရရှိသွားသော ဘီလပ်မြေစတားအား ဆုယူအပြီး ရွှေခါးပတ်နှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရင်ကိုဖွင့်

ပွဲစသည်နှင့် နှစ်ဦးစလုံး အချိန်မဆွဲ တစ်ပြိုင်တည်း ဝမ်းတူးလက်သီးတွဲထိုးရာ ပရိသတ် လက်ခုပ်သံမစဲအောင် ဖြစ်ခဲ့သည်။ လက်ချင်းဆိုင်ထိုး၊ ခြေဖြင့်ပြိုင်ခတ်၊ သတ္တိချင်းပြိုင်၊ အားချင်းဆိုင်ကြရာ ကြံ့ကြံ့ခံ ကြည့်ရခဲ့သည့် ပွဲကောင်းဖြစ်သည်။ ဈာန်ထူးက ကျော်ငြိမ်း၏ ခပ်ရမ်းရမ်း ဝင်ထိုးမှုကို ထောက်လက်သီးကျွေးရာ "လာသူငယ်ချင်း နောက်တစ်မျိုးရှိသေးလား"ဆိုသည့် မျက်နှာထားဖြင့် ကျော်ငြိမ်းက ရင်ကိုဖွင့်ပြီး အသားလွတ်ဝင်ထိုး၍ သာဟန်ရှိသည်။

ပေးအပ်ချီးမြှင့်

တစ်ချီထက်တစ်ချီ ထိုးချက်က လျော့မသွားဘဲ ပိုကဲလာသည်။ ကျော်ငြိမ်း မျက်ခုံးအထက်နားကွဲ၍ ဆရာဝန်ပြရာ ဆက်ထိုးခိုင်း၍ ပွဲဆက်ကြမ်းသည်။ ကျော်ငြိမ်း မျက်လုံးမှ သွေးစီးကျလာ၍ လက်ဖြင့်သုတ်နေရစဉ် ဈာန်ထူးကဖိထိုးရာ ထိချက်နာလှသည်။ ကျော်ငြိမ်း အထိနာသည့်ကြားက ပရိသတ်မြောက်စား၍ ဆိုင်းချက်နှင့်အတူ ဗလာလက်သီးများ လွှတ်သည်။ "နာတယ်ဆိုတာ ဘာလဲ" ဟု မေးယူရလောက်အောင် ခံနိုင်ရည်ကောင်းသည့် ကျော်ငြိမ်းက ပေတေတေခံထိုးသော်လည်း ဈာန်ထူး ထိုးချက်အသားပါ၍ ဒိုင်လူကြီးများက အနိုင်ပေးခဲ့ကြခြင်းဖြစ်သည်။ ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယရရှိသောကျော်ငြိမ်း (ဘီလပ်မြေစက်ရုံ)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော ဈာန်ထူး (တောင်ကလေး)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆုပေးအပ်ချီးမြှင့်သည်။

စတားဖြစ်

ပွဲစဉ်(၄၁)မစ်ဒယ်ဝိတ်တန်း ၇၅ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ဘီလပ်မြေစတား(ဘီလပ်မြေစက်ရုံ)နှင့် ဇာနည်ဆင်ရိုင်း(တောင်ကလေး)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂မိနစ်၅၃ စက္ကန့်၌ ဘီလပ်မြေစတား(ဘီလပ်မြေစက်ရုံ)က ပထမအချီ ၂မိနစ် ၅၃စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။ အကြိုဗိုလ်လုပွဲစဉ်၌ ဇာနည်ဆင်ရိုင်းက စိန်သံမဏိကိုကံကြမ္မာ၏ မျက်နှာသာပေးမှုဖြင့် အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် တကယ့် ဘီလပ်မြေစတား၏ အမှန်တကယ် စတားဖြစ်ကြောင်း ပြသပြီး အလဲထိုးခြင်းကို ခံလိုက်ရသည်။

မစ်ဒယ်ဝိတ်အထက် အလွတ်တန်းပြိုင်ပွဲ အထူး အားကစားသမားဆုရ သက်ကြီး လက်ဝှေ့ပညာရှင် ရွှေဝါထွန်း (နှစ်ရှည်ပင်ဥယျာဉ်ခြံ)အား ဆုယူအပြီးတွေ့ရစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

လွှတ်ဟော့ဆိုသည်နှင့် ဘီလပ်မြေစတားက အနင်းအတား ခြေကန်ချက်ဖြင့် တာထွက်လာသည်။ ဇာနည်ဆင်ရိုင်းက စီနီယာသမားပီပီ ခြောက်လုံးလှန့်လုံးဖြင့် ခုန်ဝင်ပြီး ပွဲသိမ်းရန်ကြံသည်။ ဇာနည်ဆင်ရိုင်း ပြန်အကျ ဘီလပ်မြေစတား ဖမ်းချုပ်ပြီး ဒူးတိုက်မည်ပြုရာ သီသီကလေး လွတ်သွားသည်။ ဇာနည်ဆင်ရိုင်း အဆီတက်ပြီး ဖျတ်လတ်မှုနည်းသည်ကို အခွင့်ကောင်းယူကာ ဘီလပ်မြေစတားက အောက်ပိုင်းကို ရိုက်ဖြုတ်ရာ ပွဲသိမ်းမြန်ခဲ့ရသည်။ ဇာနည်ဆင်ရိုင်း ပြန်ထပြီး ထိုးလျှင် ရသေးသော်လည်း အနာမခံဘဲ အရှုံးပေးလိုက်ခြင်းဖြစ်သည်။ ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒုတိယရရှိသော ဇာနည်ဆင်ရိုင်း(တောင်ကလေး)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော ဘီလပ်မြေစတား(ဘီလပ်မြေစက်ရုံ)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆု ပေးအပ်ချီးမြှင့်သည်။

မစ်ဒယ်အထက်အလွတ်တန်းတွင် လုံးချော (KLN)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေဝါထွန်း(နှစ်ရှည်ဥယျာဉ်ခြံ)အား လက်ဝှေ့ဝါသနာရှင်များက ပြိုင်ပွဲမစမီ ဤသို့ နှုတ်ဆက်ခဲ့ကြသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပွဲစဉ်(၄၂) မစ်ဒယ်အထက် အလွတ်တန်း ဗိုလ်လုပွဲစဉ်အဖြစ် လုံးချော (KLN)နှင့် ရွှေဝါထွန်း (နှစ်ရှည်ဥယျာဉ်ခြံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပရိသတ်အကြိုက်တွေ့သည့် ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။ တက်လူ လုံးချောက အလဲအကွဲထိုးရန် ကြိုးစားသော်လည်း တစ်ကျော့ပြန် ရွှေဝါထွန်းက လက်ဝှေ့ပညာနှင့် သမ္မာကိုပြသနိုင်၍ အမှတ်ဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ငါးချီပြီးဆုံးသည်အထိ အနိုင်အရှုံးပေါ်အောင် အလဲထိုးနိုင်ခြင်းမရှိ၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီး ငါးဦးအနက် သုံးဦးက လုံးချောကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို လက်ဝှေ့ဝါသနာအိုးများ ဤသို့ တစ်ခဲနက်အားပေးခဲ့ကြသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လက်ခုပ်ဩဘာ

လုံးချောနှင့် ရွှေဝါထွန်းတို့၏ ပွဲကို အများမျှော်လင့်စောင့်စားခဲ့ကြသည့်အတိုင်း ပွဲမစမီမှာပင် ပရိသတ်များ လက်ခုပ်ဩဘာပေး၍ ဆုငွေများ တဖွဲဖွဲ ချီးမြှင့်ခဲ့ကြသည်။ နယူးဧရာဟိုတယ်မှ ရွှေဝါထွန်းကို ကျပ်တစ်သိန်းချီးမြှင့်သလို ထက်လင်း တိုင်းရင်းဆေးဝါး လုပ်ငန်းကလည်း လုံးချောနှင့် ရွှေဝါထွန်းတို့ကို တစ်ဦးလျှင်ငွေကျပ် တစ်သောင်းစီချီးမြှင့်ရာ ပွဲကောင်းရန် ဖြစ်လာခဲ့သည်။ လွှတ်ဟော့ ဆိုသည်နှင့် လုံးချောက ငယ်ဂုဏ်ရှိသူပီပီ ခြေကန်ချက်ဖြင့် အားစမ်းရာ ရွှေဝါထွန်း ဖင်ထိုင်ကျ၍ ပွဲသိမ်းမြန်မလား ထင်ခဲ့ကြရသည်။

ရွှေဝါထွန်းက လုံးချော၏ ခြေကန်ချက်ဖြင့် ပွဲဖြတ်ရန်ကြိုးစားသည်ကို ရိပ်စားမိကာ နောက်ကို ဆုတ်ရှောင်ရင်း လက်သီးတွဲလုံးဖြင့် တန်ပြန်တိုက်စစ်ဆင်သည်။ လုံးချော ထင်သလိုမဖြစ်ဘဲ အငိုက်မိပြီး ဟန်ချက်ပျက်သွားသည်။ လုံးချောနှင့် ရွှေဝါထွန်းပွဲကို အသက်အရွယ် ကွာခြားမှုကြောင့် ပွဲကောင်းပါ့မလား သံသယဖြစ်ခဲ့ကြသော်လည်း အမှန်တကယ်ကြည့်ရသောအခါမှ တယ်ဟုတ်ပါလားဖြစ်ခဲ့ရသည်။ လက်ဝှေ့ကျော်ရွှေဂူဝံက ဒုတိယအချီမစမီ ငွေကျပ်တစ်သောင်းစီဆုချရာ ရွှေဝါထွန်းက သမ္မာနှင့် ပညာကိုပြ၍ ပရိသတ် လက်ခုပ်သံမစဲအောင် ဖြစ်နေသည်။

လက်သီးချင်း ယှဉ်ထိုးလျှင် ရွှေဝါထွန်းက အသာစီးရှိ၍ လုံးချော ခြေကန်ချက်သာ အားပြုရသည်။ တတိယအချီ၌ လုံးချောနည်းဗျူဟာပြောင်းပြီး လက်သီးဟန်ပြ၍ ဒူးဖြင့် တွဲတိုက်သည်။ ရွှေဝါထွန်း ကြိုးဝိုင်းဘေးပြုတ်ကျသော်လည်း ချက်ချင်းပြန်ထသည်။ သမင်ဆယ်လှမ်း၊ ကျားတစ်လှမ်း ဆိုသလို ရွှေဝါထွန်းက တစ်ချက်တစ်ချက် အမိအရ ပြန်တွယ်သည်။ နုပျိုသူတို့၏ လျှင်မြန်ဖျတ်လတ်မှုကို မျက်လုံးတစ်ဖက်မကောင်းတော့သည့် ရွှေဝါထွန်းက ငယ်မူငယ်သွေးပြကာ ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည်။

ပဉ္စမအချီတွင် လုံးချောက အလဲထိုး အနိုင်ယူရေးအတွက် လက်သီး တံတောင် စုံလင်စွာသုံးပြီး အပြင်းစားတိုက်ကွက်များ သုံးလာသည်။

ရွှေဝါထွန်း အထိုးခံရသော်လည်း သက်လုံကျလာသည်ကလွဲ၍ ကွဲခြင်း၊ လဲခြင်းမရှိချေ။ ပဉ္စမအချီ၌ လုံးချော ပညာကုန်သုံး၍ မညှာစတမ်းထိုးသော်လည်း ရွှေဝါထွန်းခံနိုင်ရည်ကောင်း၍ အလဲထိုးပွဲ ဖြစ်မလာခဲ့ချေ။ ပရိသတ်များက တစ်ကျော့ပြန် ရွှေဝါထွန်း၏ ဖွဲကောင်းပြီး အသည်းမာမှုကို သဘောကျကာ ရှုံးသော်လည်း လက်ခုပ်ဩဘာပေးခဲ့ကြသည်။

ဆုချီးမြှင့်

ကိုယ်အလေးချိန် အတန်းအလိုက် ဗိုလ်လုပွဲစဉ်များအပြီးတွင် ဆုပေးပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးလက်ဝှေ့သမားဆုရရှိသော ကြယ်လင်းအောင် (တောင်ကလေး)အား ငွေကျပ်၁၂သိန်းကိုလည်းကောင်း၊ အကောင်းဆုံး ယှဉ်ပြိုင်သူဆုရရှိသော ရွှေဝါထွန်း (နှစ်ရှည်ဥယျာဉ်ခြံ)အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

လိုက်မစ်ဒယ်ဝိတ်တန်း ၇၁ ကီလို ဗိုလ်လုပွဲတွင် ကျော်ငြိမ်း (ဘီလပ်မြေစက်ရုံ)ကို အနိုင်ရရှိသွားသော ဈာန်ထူး (တောင်ကလေး)အား ဆုယူအပြီး ရွှေခါးပတ်နှင့်အတူ အောင်ပွဲခံနေစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က အမှတ်အများဆုံးဖြင့် ပထမရရှိသော အမှတ်(၁) တပ်မတော်ဘီလပ်မြေစက်ရုံကလပ်အသင်းအား တံခွန်စိုက်ဆုကိုလည်းကောင်း၊မစ်ဒယ်အထက် (အလွတ်)တန်း ပြိုင်ပွဲ၌ ဒုတိယရရှိသော ရွှေဝါထွန်း (နှစ်ရှည်ဥယျာဉ်ခြံ)အား ငွေသားဆုနှင့် ဆုတံဆိပ်၊ ပထမရရှိသော လုံးချော (KLN)အား ငွေသားဆုနှင့် ရွှေခါးပတ်ဆုကိုလည်းကောင်း၊ ဒိုင်ချုပ်အဖြစ်ဆောင်ရွက်ခဲ့သော ဦးဗိုစိန်၊ ကြိုးဝိုင်းဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသော ဦးဒေါင်းနီ၊ ဦးအောင်ကျော်သန်းနှင့် ဦးသန်းလွင်တို့အား ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အမှတ်ပေးနိုင်

ထို့နောက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှတ်ပေးဒိုင်များ အဖြစ်ဆောင်ရွက်ခဲ့ကြသော ဦးမြင့်ဝေ၊ ဦးဗမာလေး၊ ဦးဇမ္ဗူကျော်နှင့် ဦးဒေါင်းဆွေတို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှတ်ပေး ဒိုင်များ အဖြစ်ဆောင်ရွက်ခဲ့ကြသော ဦးမြားလေး၊ ဦးတင်မောင်ဦး၊ ဦးအောင်ပွဲမောင်နှင့် ဦးကျော်စိုးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး (KLN)က အမှတ်ပေးဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသော ဦးချစ်ကို၊ ဦးသက်လွင်၊ ဦးရဲအောင်နှင့် ဦးမျိုးသန်းတို့အားလည်းကောင်း ငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အောင်မြင်ဖြစ်မြောက်ရေးအတွက် Myanmar Towards Co., Ltd. က အဓိကပံ့ပိုးကူညီ ဆောင်ရွက်ပေးသည်။ မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဗိုလ်လုပွဲစဉ်များသည် ပရိသတ်များ မျှော်လင့်ထားသည့်အတိုင်း ပွဲကြီးပွဲကောင်းများ ဖြစ်ခဲ့ပါကြောင်း သတင်းမြင်ကွင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဘိန်းဖြူ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးအန္တရာယ်

ဒေါက်တာ အောင်သော်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသည် ကမ္ဘာ့နိုင်ငံအသီးသီးကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့၏ အမွေဆိုးဖြစ်သည့် ဘိန်းနှင့် ဘိန်းဖြူ၏ အန္တရာယ်ကို တိုက်ဖျက်နေစဉ် စိတ်ကြွရူးသွပ်ဆေး၏ အန္တရာယ်သည် ဝင်ရောက်လာပြန်ပြီ။

နယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်နောက်ပိုင်း သံလွင်မြစ်အရှေ့ဘက်ကမ်းရှိရှမ်းတောင်တန်းနှင့် ကချင်တောင်တန်းများတွင်ဘိန်းကို တရားဝင်စိုက်ပျိုးခွင့်ပြုခဲ့သည့်အပြင် ဘိန်းသယ်ယူခြင်း၊ ရောင်းချခြင်း တို့ကိုလည်း ပြုလုပ်စေခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက အင်္ဂလိပ် အစိုးရဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံတစ်ဝန်းရှိ ဘိန်းခန်းများ ပပျောက်ရေးကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ခုနှစ်မှာပင် ဘိန်းစားပပျောက်ရေး၊ ဘိန်းခန်းများဖျက်သိမ်းရေး ငါးနှစ်စီမံကိန်းများကို နိုင်ငံတော်အစိုးရက ရေးဆွဲဆောင်ရွက်ခဲ့၏။ ၁၉၅၅ခုနှစ်တွင် ဘိန်းစား၊ ဘိန်းရှူသူများ မှတ်ပုံမတင်မနေရဥပဒေကို ပြဋ္ဌာန်းကာ ဘိန်းဖြတ် ဆေးခန်းများတွင် ဘိန်းပြတ်သည်အထိ ဆေးကုသမှု ခံယူစေခဲ့ပါ၏။

၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁ရက်နေ့၌ နိုင်ငံတော်အစိုးရသည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ လက်ကျန် ရှမ်းပြည်နယ်ရှိ ဘိန်းခန်းများကို ပိတ်ပင်ခဲ့ပြီး ဘိန်းရောင်းဝယ်မှုကို လုံးဝတားမြစ်ခဲ့လေသည်။

သို့သော် မြန်မာနိုင်ငံ၏ ရေမြေတည်နေရာ အခြေအနေအရ ၁၉၇၀ပြည့်နှစ် နောက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှတစ်ဆင့် ပိုမိုဆိုးရွားသော ဘိန်းဖြူ(ခေါ်)ဟီးရိုးအင်း(ခေါ်)နံပါတ်ဖိုး ဝင်ရောက်ခဲ့ပြီး မြို့ကြီးပြကြီးများရှိ လူငယ်များသုံးစွဲသည်အထိ ပျံ့နှံ့လာရာ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအသွင်ဖြင့် တားဆီးနှိမ်နင်းရန် ၁၉၇၄ခုနှစ် ဖေဖော်ဝါရီလ၁၀ရက်နေ့တွင် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းပြီး ထိရောက်သော တားဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရပြန်ပါသည်။ တစ်ဖန် ပိုမိုထိရောက်သော ဟန့်တားမှုများနှင့်ပြစ်ဒဏ်များ ချမှတ်နိုင်စေရန် ၂၇-၁-၁၉၉၃ ရက်နေ့တွင် နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေကို ထုတ်ပြန်ကြေညာပြီး ပိုမိုထိရောက်သော တားဆီးကာကွယ်မှုများ ပြုလုပ်ခဲ့၏။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ၉ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။ ထိုဗဟိုအဖွဲ့နှင့်အတူ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများတွင်လည်း အဆင့်ဆင့်ဖွဲ့စည်းပေးခဲ့သည်။ ဗဟိုအဖွဲ့တွင် ထုတ်လုပ်မှုလျှော့ချရေးနှင့် သုံးစွဲမှုလျှော့ချရေး မဟာဗျူဟာနှစ်ရပ်ရှိသည့်အနက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးကုသရေးလုပ်ငန်းအဖွဲ့သည် သုံးစွဲမှု လျှော့ချရေးကဏ္ဍတွင် ပါဝင်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးကုသရေးအပြင် ဆေးစွဲလူနာများအား ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးလုပ်ငန်းများနှင့်အတူ ဆက်နွှယ်သည့် သုတေသနလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ပပျောက်ရေးလုပ်ငန်းသည် ရေရှည်အစဉ်တစိုက် မပြတ်သော လုံ့လဝီရိယဖြင့် လုပ်ကိုင်ရမည့်လုပ်ငန်းကြီးဖြစ်သဖြင့် နိုင်ငံတော်အစိုးရသည် ၁၉၉၉ ခုနှစ်မှစတင်ကာ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယငါးနှစ်၏ ဒုတိယနှစ်ကုန်ဆုံးတော့မည်ဖြစ်ပြီး အောင်မြင်မှုများလည်း ရရှိလျက်ရှိပါသည်။

သုံးစွဲမှုလျှော့ချရေးအတွက် ဆေးစွဲလူနာများ ရှာဖွေပညာပေးစည်းရုံး ကုသပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းအားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုနှင့်အတူ လိုအပ်ချက်များ ကျဆင်းလာကာ တစ်ပြိုင်တည်း ထုတ်လုပ်မှုလည်း လျော့ကျသွားမည် ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးစွဲကုသရေး ဌာနကြီး၂၆ခု၊ ဌာနငယ် ၄၀တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့၏။ လူငယ်ပြန်လည် ထူထောင်ရေးစခန်းကြီး သုံးခုဖြစ်သည့် ရွှေပြည်သာ၊ ရွှေပြည်အေးနှင့် ရွှေပြည်သစ်စခန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်း တိုးချဲ့ကာ လုပ်ဆောင်လျက်ရှိပါသည်။

၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ပပျောက်ရေး၊ အရှိန်အဟုန်မြှင့်၍ပိုမို လုပ်ဆောင်နိုင်ရန် "New Destiny Project" ခေါ်"ပန်းတိုင်သစ်"စီမံကိန်းကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ ဘိန်းစိုက်ခင်းများ ဖျက်ဆီးခံရသော တောင်သူများ စားဝတ်နေရေးအခက်အခဲမရှိစေရန် ဘိန်းခင်းများ ဖျက်ဆီးပြီးသည်နှင့် တစ်ပြိုင်နက် ကူညီပံ့ပိုးမှုများအဖြစ် ငွေကြေး၊ စားနပ်ရိက္ခာ၊ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ၊ မွေးမြူရေး တိရစ္ဆာန်များနှင့်အတူ စိုက်ပျိုးမွေးမြူရေး နည်းစနစ်များဖြင့် ချက်ချင်း လက်ငင်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပါသည်။

သို့အတွက် တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးမှုကျဆင်းလျော့နည်းလာခဲ့ပါသည်။ အားလုံးသောရလဒ်သည် နိုင်ငံတော် အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် ဦးဆောင် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာ ကွပ်ကဲကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများ ကိုယ်တိုင် တက်ကြွပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါ၏။

ထို့ပြင် နိုင်ငံတော်အစိုးရသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသဆိုင်ရာနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာနိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ဤကဲ့သို့ နိုင်ငံနှင့်လူမျိုးအပေါ်ကြီးမားသော အန္တရာယ်နှင့် ဟန့်တားမှုများဖြစ်စေသည့် မူးယစ်ဆေးဝါးများဖြစ်သော ဘိန်း၊ ဘိန်းဖြူနှင့် အခြား မူးယစ်ဆေးဝါးများကို စီမံကိန်း၊ စီမံချက်များ ချမှတ်ကာ စဉ်ဆက်မပြတ် တွန်းလှန်တိုက်ထုတ်နေသည့် ကာလမှာပင် စိတ်ကြွရူးသွပ်ဆေးသည် ကြီးမားသော အမျိုးသားရေးအန္တရာယ်အဖြစ် ဝင်ရောက်ခြိမ်းခြောက်လာပြန်ပါသည်။ စိတ်ကြွရူးသွပ်ဆေးသည် အလွန်အန္တရာယ်ကြီးမားသည့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး တစ်မျိုးဖြစ်၏။

မြန်မာနိုင်ငံသည် ရေမြေအနေအထားအရ ဆက်စပ်နေသော နယ်စပ်ဒေသများမှ ဝင်ရောက်လာသော စိတ်ကြွရူးသွပ်ဆေးများကို ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံဖြင့် ထပ်မံ၍ တိုက်ထုတ်နေရပြန်လေသည်။ ၎င်းမှာ အာနိသင်အားဖြင့် ဘိန်းဖြူ၊ ဘိန်းမည်းနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘိန်းဖြူ၊ ဘိန်းမည်းသည် သုံးစွဲပြီးလျှင် စိတ်အာရုံကို ငြိမ်စေ၏။ မှိန်းစေ၏။ ယစ်မူးစေ၏။ အိပ်စေ၏။ စိတ်ကြွရူးသွပ်ဆေးကား ဆန့်ကျင်ဘက်၊ ၎င်း၏အမည်အတိုင်း စိတ်ကို ကြွစေ၏။ လှုပ်ရှားစေ၏။ အာရုံတွေ ထွေပြားများပြားစေ၏။ မစားဘဲ၊ မအိပ်ဘဲ လှုပ်ရှားမှုများ ပြုလုပ်စေ၏။ အသက်ရှူနှုန်း၊ သွေးခုန်နှုန်း၊ သွေးပေါင်ချိန်များ မြင့်တက်ကာ ချွေးထွက်များလာပြီး မောရမှန်းမသိ၊ ဆက်တိုက် မရပ်မနား လှုပ်ရှားလုပ်ကိုင်စေကာ အပြောမှား၊ အပြုမှားများဖြစ်စေပြီး မိမိသာမက ဘေးပတ်ဝန်းကျင်ရှိ အခြားသူများကိုလည်း အန္တရာယ်ပြုနိုင် ဖြစ်စေနိုင်သည်။ အမြင့်ကြီးကို အနိမ့်လေးထင်၊ အနီးလေးကို အဝေးကြီးထင်၊ အကျဉ်းလေးကို အကျယ်ကြီးထင်မြင်ကာ တွက်ဆချက် လွဲမှားသွားပြီး အန္တရာယ်ဖြစ်၍ ကြီးမားသော ထိခိုက်ဒဏ်ရာမှုများ ဖြစ်စေသည်သာမက အသက် ဆုံးရှုံးသွားသူများ ဒုနဲ့ဒေး ရှိခဲ့ပြီးဖြစ်သည်။ ဆင်ခြင်တုံတရားကင်းမဲ့သွား၍ ထင်ယောင်ထင်မှား အတွေးများဝင်လာပြီး ဘေးပတ်ဝန်းကျင်ရှိ သူများကိုလည်း မိမိအားအန္တရာယ်ပြုမည့်သူ၊ ရန်သူဟု ယူဆ၍ အပြောမှား၊ အပြုမှားကာ ရန်မူတိုက်ခိုက်မှုများ ပြုတတ်ပြီး ဥပဒေအရ အရေးယူခံရခြင်း၊ အရေးပေါ် ဆေးကုသမှုခံယူရခြင်းနှင့် အသက်ဆုံးရှုံးမှု ဖြစ်ပေါ်ခြင်းများ ဖြစ်တတ်စေလေသည်။ အကြားအာရုံ၊ အမြင်အာရုံ လွဲမှားကာ ပြင်မရသော အမှားများကိုပြုစေ၏။ ပညာရေး၊စီးပွားရေး၊ လူမှုရေးတို့ကို ထိခိုက်စေပြီး လူလုံးမလှ ဘဝဆုံးရှုံးရသူများ ဖြစ်ကြရလေသည်။ စိတ်ကြွရူးသွပ်ဆေးဆိုသည့်အတိုင်း ရူးသွပ်သူဘဝသို့လည်း ရောက်စေ၏။ စိတ်ကြွရူးသွပ်ဆေးကို သုံးရင်း ဆေးယဉ်လာသဖြင့် တိုး၍တိုး၍ သုံးစွဲလာရာ နောက်ဆုံး အစွဲကြီးစွဲပြီး မူးယစ်ဆေးစွဲသူ၊ စိတ်ကြွရူးသွပ်ဆေးစွဲသူ ဘဝကို ရောက်ရလေတော့၏။ ဤအခြေအနေတွင် ကုသ၍ရပါ၏။ သို့သော် ဆုံးရှုံးမှုများစွာ ကြုံပြီးမှ ခက်ခဲစွာကုသရလေသည်။

စိတ်ကြွရူးသွပ်ဆေးသည် ဘိန်းဖြူ၊ဘိန်းမည်းကဲ့သို့ပင် ဥပဒေအရ တားမြစ်ထားသောဆေးဖြစ်သဖြင့် သုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းဖြင့် ကြီးစွာသော ပြစ်ဒဏ်ကို ရင်ဆိုင်ခံစားရမည် ဖြစ်လေသည်။

လူငယ်များသာမက မည်သူမဆို အဆုံးမသတ်နိုင်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကွင်းဆက် ဆိုးကျိုးများကို ဖြစ်ပေါ်နိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းသော်မှမပြုပါနှင့်။ သုံးစွဲမိလျှင် စွဲလမ်းသွားကာ အတောမသတ်နိုင်သော ဘေးဒုက္ခအဖုံဖုံနှင့် တွေ့ကြုံခံစားရမည် ။

စိတ်ကြွရူးသွပ်ဆေး (Ephedrine)သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်ခြင်း လုံးဝမရှိပါ။ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာခြင်းသာ ဖြစ်ပါသည်။

စိတ်ကြွရူးသွပ်ဆေးကို ပါးစပ်က စားနိုင်သလို ရှူရှိုက်သုံးစွဲနိုင်လေသည်။ မသိနားမလည်သော လူငယ်များအနေဖြင့် အခြားသူများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် သုံးစွဲမိက မြူးကြွသလို ခံစားရခြင်း၊ ပင်ပန်းနွမ်းနယ်မှုဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ ဖြစ်လာခြင်း၊ စိတ်ကြွလာခြင်းနှင့် အခြားသော လွဲမှားသော အာရုံခံစားမှုများ ဖြစ်ပေါ်လာပြီး ဂနာမငြိမ် ယောက်ယက်ခတ်ခြင်း၊ သည်းမခံနိုင်ခြင်း၊ ရန်လိုခြင်း၊ သံသယစိတ်များ ဝင်လာခြင်း၊ စိုးရိမ်စိတ်များ လွန်ကဲလာခြင်းတို့ ဖြစ်တတ်ပြီး ဆေးကြောင့် ရာဇဝတ်မှုများ ကျူးလွန်မိသည်အထိလည်း ဖြစ်တတ်ပါသည်။ အစားအသောက်နှင့် အအိပ်အနေနည်းပါးလာသဖြင့် သုံးစွဲရင်းခန္ဓာကိုယ် ကြုံလှီလာကာ ကျန်းမာရေးလည်း ထိခိုက်ပြီး အခြားသောရောဂါများလည်း အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။ အသက်ရှူနှုန်း အစဉ်သဖြင့် မြန်နေ၍ အသက်ရှူလမ်းကြောင်း ထိခိုက်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဝင်လာနိုင်သလို ခြေတုန်၊ လက်တုန်နှင့် ဟန်ချက်ညီညီ လှုပ်ရှားမှုမရှိတော့ဘဲ လဲကျကာ ထိခိုက်ဒဏ်ရာရမှုများလည်း ဖြစ်ပေါ် စေနိုင်လေသည်။ သုံးစွဲရင်း ဆေးပမာဏ များလာသဖြင့် ခန္ဓာကိုယ် အပူချိန် အလွန်အမင်းမြင့်တက်ကာ အပူလွန်ကဲပြီး ရုတ်တရက် သေဆုံးတတ်သလို နှလုံးခုန်နှုန်း မြင့်မားခြင်း၊ သွေးပေါင် ချိန်မြင့်တက်ခြင်းတို့ကြောင့် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်၊ လေဖြတ်ခြင်း ဖြစ်နိုင်သလို သေဆုံးနိုင်ခြင်းသာမကနှလုံးရပ်၍သော်လည်းကောင်း၊နှလုံးကွဲထွက်၍သော်လည်းကောင်း ရုတ်တရက်သေဆုံးနိုင်လေသည်။ သုံးစွဲနေရာမှ ရုတ်တရက်ရပ်လိုက်လျှင်လည်း မရွှင်မလန်းဖြစ်ခြင်း၊ ငေးမှိုင်နေတတ်ခြင်း၊ ဆောက်တည်ရာမရ ယောက်ယက်ခတ်ခြင်း၊ အအိပ်လွန်ခြင်းတို့နှင့်အတူ စိတ်ဓာတ်ကျဆင်းကာ မိမိကိုယ်ကို မိမိသေကြောင်းကြံသည်အထိဖြစ်နိုင်လေသည်။

ဘိန်းဖြူ၊ ဘိန်းမည်းသည် လုံးဝမကောင်းသလို စိတ်ကြွရူးသွပ်ဆေးသည်လည်း လုံးဝအကျိုးမပြုသည်သာမက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို မလွဲမသွေ ထိခိုက်နစ်နာ ဆုံးရှုံးစေမည်ဖြစ်ပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက်လည်း ကြီးစွာသော အန္တရာယ်ဖြစ်ပါ၏။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် သုံးစွဲခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ဥပဒေနှင့်အညီ တားဆီးပိတ်ပင် အရေးယူနေသည်သာမက ပညာပေး လုပ်ငန်းများကိုလည်း ဆက်သွယ်ရေးနည်းပညာ၊ နည်းလမ်းမျိုးစုံသုံး၍ လူငယ်ထုအတွင်း၊ ပြည်သူလူထုအတွင်း သဘောပေါက် သိရှိနားလည်လိုက်နာစေရန် အစဉ်တစိုက် လုပ်ကိုင်လျက်ရှိပါသည်။ မသိနားမလည်၍ သုံးစွဲမိပြီး စိတ်ကြွရူးသွပ်ဆေး သုံးစွဲသူဘဝရောက်ရှိသွားသူများအားလည်း ဘိန်းဖြူ၊ဘိန်းမည်းစွဲ လူနာများနည်းတူ ဆေးကုသမှု၊ ပြန်လည်ထူထောင်မှုများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

တရားဝင်ကုသမှုခံယူပါက လုံးဝပျောက်ကင်းပြီး မိမိ၏လူနေမှုဘဝ ပြန်လည်စိုပြည်ကောင်းမွန်၍ လူမှုရေးရာကဏ္ဍအသီးသီးတွင် ပြန်လည်ဝင်ဆံ့လာမည်ဖြစ်ပါသည်။ ဆေးကုသမှုမခံယူဘဲ ဆက်လက်သုံးစွဲနေပါက တစ်ချိန်ချိန်တွင် ဥပဒေနှင့်အညီ အရေးယူခြင်း ခံရမည်မှာ ဧကန်မုချ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **လူငယ်များသာမက မည်သူမဆို အဆုံးမသတ်နိုင်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကွင်းဆက်ဆိုးကျိုးများကို ဖြစ်ပေါ်နိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းသော်မှမပြုပါနှင့်။ သုံးစွဲမိလျှင် စွဲလမ်းသွားကာ အတောမသတ်နိုင်သော ဘေးဒုက္ခအဖုံဖုံနှင့် တွေ့ကြုံ ခံစားရမည်** ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်ခြင်းသည် လူတိုင်း၏ တာဝန်ဖြစ်သဖြင့် ဤအမျိုးသားရေးတာဝန်ကြီးကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကာ လူတိုင်းလူတိုင်း ပါဝင်တိုက်ဖျက်ကြပါဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

ကမ္ဘာ့အကျော်ကြားဆုံး ကိန်းစ်ရုပ်ရှင်ပွဲတော် မြင်ကွင်းအဖုံဖုံ

မြင့်မောင်ခိုး စုစည်းတင်ပြသည်

ကိန်းစ် (ပြင်သစ်) မေ ၂၁

ကိန်းစ်ရုပ်ရှင်ပွဲတော်ကို ၁၉၃၉ ခုနှစ် စက်တင်ဘာလမှစပြီး နှစ်စဉ် ကျင်းပလာခဲ့ရာ ကမ္ဘာ့ဂုဏ်သတင်း အကျော်ကြားဆုံး ရုပ်ရှင်ပွဲတော်ကြီးဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း နှစ်အတန်ကြာအောင် ကျင်းပနိုင်ခဲ့ခြင်း မရှိချေ။

အပိုင်းခုနှစ်ပိုင်း

အဆိုပါ ကိန်းစ်ရုပ်ရှင်ပွဲတော်ကို ၁၉၆၀ပြည့်လွန်နှစ်များမှစပြီး ပြန်လည် ထူထောင်ကာ ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ ယင်းကိန်းစ်ရုပ်ရှင်ဆု ပေးပွဲတွင် အဓိကအပိုင်း ခုနစ်ပိုင်းပါဝင်သည်။

ဇာတ်ကား ၂၀

နှစ်စဉ်နှစ်တိုင်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကား ၂၀ကို ပါဝင်ယှဉ်ပြိုင်စေသည်။ ဆုရကား တစ်ကားကို အဆိုကတန်ဆုံးဆုတစ်ခုကို ချီးမြှင့်ကြောင်း သိရသည်။ ယင်းရုပ်ရှင်ကားများကို လူမီယာရီ ကဇာတ်ရုံကြီး၌ ပြသယှဉ်ပြိုင်စေကြောင်း သိရသည်။

စပိန်ဒါရိုက်တာ ပီဒရိုအယ်မိုဒိုဗာ ရိုက်ကူးသော Volver ကားတွင် ပါဝင်သော သရုပ်ဆောင်မင်းသမီး ပီနီလိုပ်စရုဇ်၏ အပြုံး။ (ဓာတ်ပုံ-အင်တာနက်)

ဆွတ်ခူးနိုင်ခဲ့

အဆိုပါ ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် အဓိက ချီးမြှင့်ပေးအပ်သောဆုမှာ Palmed' Or ဆုဖြစ်သည်။ ယင်းဆုကို ၂၀၀၄ ခုနှစ်က ဒါရိုက်တာမိုက်ကယ်မိုးရ် ရိုက်ကူးသည့် Fahrenheit 9/11 ကားနှင့် ၂၀၀၂ ခုနှစ်က ဒါရိုက်တာ ရိုမန်ပိုလန်စကီ ရိုက်ကူးသည့် The Pianist တို့က ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် Out of Competition ပြိုင်ပွဲဟူသော ထူးခြားမှုရှိသည့် ရုပ်ရှင်ကားများကိုလည်း ပါဝင်ပြသခဲ့သည်။ ယင်းတို့တွင် ဂျော့ဂျ်လူကတ်စ်ရိုက်ကူးသည့် Star Wars Episode II ကဲ့သို့သော ကမ္ဘာ့ပထမတန်းရုပ်ရှင်ကားများ ပါဝင်သည်။

ပြင်သစ်ဒါရိုက်တာ နီကိုလေဂါစီယာ ရိုက်ကူးသည့် Charlie Says ဇာတ်ကားမှ ပြင်သစ်သရုပ်ဆောင်မင်းသမီး ဓာရီကျီလိန်းနှင့် သရုပ်ဆောင် ဂျီ့စ်ဂါစီယာ။ (ဓာတ်ပုံ-အင်တာနက်)

ယှဉ်ပြိုင်

Uncertain Regard ပြိုင်ပွဲကို ၁၉၇၈ ခုနှစ်မှစပြီး ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ထည့်သွင်းယှဉ်ပြိုင်စေခဲ့သည်။ ယင်းပြိုင်ပွဲမှာ ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ပွဲတော်အချို့ကို ညှိ့ယူဆွဲဆောင်နိုင်ရန်အတွက် ထည့်သွင်း ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းမှာ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ယှဉ်ပြိုင်မှုသည်သာ အဓိကပြိုင်ရသည့်ပွဲဖြစ်သည်။

Cinefondation ပြိုင်ပွဲတစ်ရပ်ကိုလည်း ၎င်းရုပ်ရှင်ပွဲတော်တွင် ၁၉၉၈ ခုနှစ်မှစ၍ ထည့်သွင်းယှဉ်ပြိုင်စေခဲ့သည်။ ကမ္ဘာတစ်ဝန်းမှ အဆိုပါ ရုပ်ရှင်ပွဲတော်သို့ ရွေးချယ်ပြသသောဇာတ်လမ်းတို ရုပ်ရှင် ၁၅ ကားကို ပြသယှဉ်ပြိုင်ခြင်းဖြစ်သည်။ ၎င်းပြိုင်ပွဲအတွက် အကောင်းဆုံးရုပ်ရှင်ဆု သုံးဆုချီးမြှင့်ကြောင်း သိရသည်။

Critics' Week ပြိုင်ပွဲကို ၁၉၆၂ ခုနှစ်က စတင်၍ ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး ရွေးအကျဆုံးသော ရုပ်ရှင်ဇာတ်ကားများ ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆွဲဆောင်နိုင်ဆုံး

Director's for Night ပြိုင်ပွဲကို ၁၉၆၈ ခုနှစ်ကစ၍ ထည့်သွင်းယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။ ကိန်းစ်ရုပ်ရှင်ပွဲတော်သည် ကမ္ဘာတစ်ဝန်းမှ သတင်းစာဆရာများနှင့် ဓာတ်ပုံဆရာများကို အဆွဲဆောင်နိုင်ဆုံးသော ပွဲတော်လည်းဖြစ်သည်။ ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ကား အရောင်းအဝယ်ပြုလုပ်နိုင်သည့် Marche du Film အစီအစဉ်ကိုလည်း ထည့်သွင်းထားသည်။ ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ကားများ အရောင်းအဝယ်ပြုလုပ်နိုင်ရန် ဖန်တီးထားသည့် အစီအစဉ်ဖြစ်သည်။

ကျင်းပလျက်ရှိ

(၅၉)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံတောင်ပိုင်း ကိန်းစ်မြို့၌ မေ ၁၇ ရက်မှ မေ ၂၈ ရက်အထိ ကျင်းပလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းမှ နာမည်ကြီးရုပ်ရှင်ကား ၂၀ လာရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

အမေရိကန် ဒါရိုက်တာ လင့်ခ်လိတ်တာရိုက်ကူးသည့် Fast Food Nation ဇာတ်ကားမှ မက္ကဆီကို သရုပ်ဆောင်မင်းသမီး အနာကလောဒီယာတယ်လန်ကွန်း။ (ဓာတ်ပုံ-အင်တာနက်)

နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာကြီးများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် ရုပ်ရှင်ကားထုတ်လုပ်သူ အကျော်အမော်များ တက်ရောက်ကြသည်။

ယခုနှစ် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် စုစုပေါင်းရုပ်ရှင်ကား ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရသည်-

ဒါရိုက်တာ	ရုပ်ရှင်ကားအမည်	နိုင်ငံ
၁။ ပီဒရိုအယ်မိုဒိုဗာ	"Volver"	(စပိန်)
၂။ အင်ဒရီယာအာနိုး	"Red Road"	(ဗြိတိန်)
၃။ လူးကက်စ်ဘယ်ဗောက်စ်	"The Right of the Weakest"	(ဘယ်လ်ဂျီယံ)
၄။ ရစ်ချက်ဘောက်ချာရက်	"Indigenes (Natives)"	(အယ်လ်ဂျီးရီးယား)
၅။ အအဒရီယန်ကေတာနီ	"Buenos Aires,1977"	(အာဂျင်တီးနား)
၆။ နူရီဘီလ်ဂျီကေလန်	"Climates"	(တူရကီ)
၇။ ဆိုဖီယာကော့ပိုလာ	"Marie Antoinette"	(အမေရိကန်)
၈။ ပီထရိုကိုစတာ	"Colossal Youth"	(ပေါ်တူဂီ)
၉။ ဂွီလ်လာမိုဒယ်တိုရို	"Pan's Labyrinth"	(မက္ကဆီကို)
၁၀။ ဂွန်ဇာလက်အင်နာရီတူ	"Babel"	(မက္ကဆီကို)
၁၁။ အကိုင်ကော်ရစ်စမတ်ကီ	"Lights in the Dusk"	(ဖင်လန်)
၁၂။ ရစ်ချက်ကယ်လီ	"Southland Tales"	(အမေရိကန်)
၁၃။ ရစ်ချက်လင့်ခ်လိတ်တာ	"Fast Food Nation"	(အမေရိကန်)
၁၄။ ကင်လိုချ်	"The Wind that Shakes the Barley"	(ဗြိတိန်)
၁၅။ လုရီ	"Summer Palace"	(တရုတ်)
၁၆။ နန်နီမိုရက်တီ	"The Caimen"	(အီတလီ)
၁၇။ ပေါလိုဆိုရန်တီနိ	"The Family Friend"	(အီတလီ)
၁၈။ ဘရူနိုဒမ်မောင့်	"Flanders"	(ပြင်သစ်)
၁၉။ နီကိုလေဂါစီယာ	"Charlie Says"	(ပြင်သစ်)
၂၀။ ဇေဗီယာဂျန်နိုလီ	"The Singer"	(ပြင်သစ်)

ဒါရိုက်တာလုရီ ရိုက်ကူးသော Summer Palace ဇာတ်ကား၌ ပါဝင်သော တရုတ် ရုပ်ရှင်သရုပ်ဆောင် ဂိုရှောင်ဒေါင်းနှင့် မင်းသမီး ဟိုးလုံ့တို့အား ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပြုံးပြုံးရွှင်ရွှင်။ (ဓာတ်ပုံ-အင်တာနက်)

Out of Competition ပြိုင်ပွဲအတွက် ပါဝင်ပြသသည့်ဇာတ်ကားများကိုလည်း အောက်ပါအတိုင်း တွေ့ရသည်-

၁။ ရွန်ဟောဝပ်ရိုက်ကူးသည့်	"The Da Vinci Code"	(အမေရိကန်)
၂။ ဘရက်ရက်နာရိုက်ကူးသည့်	"X-Men 3; The Last Stand"	(အမေရိကန်)
၃။ ပေါ်ဂရင်းဂရက်ရိုက်ကူးသော	"United 93"	(အမေရိကန်)

(ယင်းဇာတ်ကားသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကားဖြစ်သည်။)

၄။ ဒေါက်ကလပ်ဂေါ်ဒွန်နှင့် ဖိလစ်ပါရင်နိုတို့ရိုက်ကူးသည့် "Zidane; A 21st Century Portrait" (ပြင်သစ်)

(ယင်းဇာတ်ကားသည် ပြင်သစ် ဘောလုံးအကျော် ဇီဒန်း၏အကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။) **(အင်တာနက်)**

ဆုတံဆိပ်

ကိန်းစ်ရုပ်ရှင်ပွဲတော်တွင်အမြင့်ဆုံး ချီးမြှင့်သည့် Palmed' Or ရုပ်ရှင် ဆုတံဆိပ်ကို ဤသို့ထူးထူးခြားခြား တွေ့နိုင်သည်။ (ဓာတ်ပုံ-အင်တာနက်)

ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ချီးမြှင့်သည့် ဓာတ်ပုံပိုင်းဆိုင်ရာ ဆုတံဆိပ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

■ ကျောဖုံးမှ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ရောက်ရှိနေစဉ် အတွင်း မေ ၁၉ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအဆင့်မြင့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို နီကိုးရှိုင်ရယ်လိပ် ဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့က ဧည့်သည်တော်နိုင်ငံခြားရေး အတွင်းဝန်၊ ဇနီးနှင့်အဖွဲ့အား နီကိုးရှိုင်ရယ်လိပ်ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။

ဆွေးနွေး

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး အတွင်းဝန် ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်မြို့သို့ မေ ၁၈ရက်က ရောက်ရှိခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံခြားရေး အတွင်းဝန်၊ ဇနီးတို့နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာမိုဟာမက်မိုဆင်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများလည်း လိုက်ပါလာကြသည်။ မေ ၁၉ရက် မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မောင်မောင်သန်းနှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

ပို့ဆောင်နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် မစ္စတာဟီမာရက်အူဒင် ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် မေ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာမိုဟာမက် ခိုင်ရူဇာမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ လုပ်ရပ်များကို ပြန်ကြည့်လျှင် အနောက်မျှော်ဝါဒကိုသာ အလေးထားပြီး အာဏာရရှိရေးကိုသာ ဦးတည်၍ ဆောင်ရွက်သည်ကို တွေ့နေရကြောင်း၊ ၎င်းတို့ ပါတီ၏ အခြေအနေကိုပြန်ကြည့်လျှင် မင်းသားမလုပ်ရလျှင် ပတ်မကြီးကိုထိုးဖောက်မည်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်နေကြောင်း၊ ယင်းအကြံအစည် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အတွင်း မတည်ငြိမ်အောင်၊ ဖရိုဖရဲဖြစ်အောင် ပြည်သူလူထုငြိမ်းချမ်းနေသည်ကို မရှုဆိတ်နိုင်ဘဲ ထိတ်လန့်တုန်လှုပ်မှုဖြစ်အောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော် ကြံစည်နေသည်ကို သိရှိနေရကြောင်း၊ ၎င်းတို့နယ်မြေတွင် နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းပြီး အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေမှုအပေါ် အပြည့်အဝယုံကြည်မှုနှင့် အားထားမှုများဖြစ်ပေါ်လာပြီး လက်နက်နှင့်ငြိမ်းချမ်းရေးကိုလဲလှယ်ခဲ့သော အထူးဒေသ(၇) မန်တုံဒေသ ပလောင်ငြိမ်းချမ်းရေးအဖွဲ့(PSLA)နှင့် အထူးဒေသ(၃) ရှမ်းပြည်အမျိုးသား တပ်မတော် (SSNA) တို့အား သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းသာယာပြီး နယ်မြေလူထုအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိခံစားနေရသည်ကို တွေ့မြင်ရပါကြောင်း။

ထို့ကြောင့် ၎င်းတို့အနေဖြင့် အချိန်ကုန်ခံပြီး ရည်ရွယ်ချက်ပျောက်ဆုံးနေသော NLD အလုပ်အမှုဆောင် ဘဝအဖြစ် ပြည်သူများ၏ဆန္ဒနှင့် ဆန့်ကျင်ကာ ငါတကောကော၍ မနေလိုတော့ဘဲ နယ်မြေလူထု အသိပညာ၊ အတတ်ပညာမှအစ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအဆုံး ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ဆောင်ရွက်ပေးနေသည့် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည့်အတွက် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ အပြီးအပိုင် နုတ်ထွက်ပါကြောင်းနှင့် နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ ဥက္ကဋ္ဌ ဦးမြအောင် အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင် ကိုးဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး၍ NLD ပါတီမှ အပြီးအပိုင် နုတ်ထွက်သွားခဲ့ကြပြီး ကျန်ရှိသည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမင်းမင်းမျိုးနိုင်မှာ အခြားဒေသသို့ ပြောင်းရွှေ့သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်း အမှတ် ၇/၉ နေ ဇနီး ဒေါက်တာ ဒေါ်ခင်မမနှင့် သားသမီး မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

❒ ကျောဖုံးမှ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မေ ၂၂ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အရ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ကုန်သည်/စက်မှုအသင်းချုပ် သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူး ဖွင့်လှစ်သည့် အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ UMFCCI Level I & II Course နှင့် Koeki Japanese Language Course သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဟိုတယ်နီကိုးလ်၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ထို့နောက် အသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Koeki Japanese Language Course ဆရာ Mr. Eigo Khino Shito က ဂျပန်ဘာသာ သင်ကြားပို့ချမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယင်းအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဝင်းအောင် **(အောက်ပုံ)**၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် ပညာဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက သင်တန်းထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ်နှင့် သင်ကြား ပို့ချခဲ့ကြသည့် သင်တန်း ဆရာ၊ ဆရာမတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

အလုံမြို့နယ် နှင်းဆီကုန်းလမ်းထောင့်မှ လက်ဖက်ရည်ဆိုင် ဆူညံနေလို့

စာတည်းရှင့်–

အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းနှင့် နှင်းဆီကုန်းလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် စည်ပင်သာယာပိုင် လမ်းမြေပေါ်တွင် ကျူးကျော်၍ ကြော်လှော်ချက်ပြုတ် ရောင်းချနေပါသည်။

အဆိုပါ ဆိုင်သည် နံနက် ၃နာရီမှစ၍ ညမိုးချုပ်သည်အထိ စည်းကမ်းမဲ့ဆူညံနေခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်နေရခြင်းတို့ကြောင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အလုံသူ**

ဘိုကလေးမြို့မှ စည်းကမ်းမဲ့နေအိမ်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း ဘိုကလေးမြို့ပေါ် ၃ ရပ်ကွက် မနော်ဟရီလမ်းထောင့် ကမ်းနားဘက်ရှိ နောက်ဖေးမိလ္လာလမ်းကြား မြေပေါ်တွင် လူနေအိမ်များ စည်းကမ်းမဲ့ဆောက်လုပ်နေထိုင်လျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ နေအိမ်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ဘိုကလေးသား**

ရပ်ကွက်အတွင်းမှ ဆိတ်သတ်ရုံ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား–

ပဲခူးတိုင်း(အနောက်) ပြည်မြို့ ရွာဘဲနယ်မြေ မင်္ဂလာဦးရပ်ကွက်အတွင်း၌ ဆိတ်သတ်ရုံတစ်ရုံရှိပါသည်။ အဆိုပါဆိတ်သတ်ရုံတွင် ဆိတ်ကောင်ရေရာနှင့်ချီ၍ နေ့စဉ်သတ်ဖြတ်နေမှုကြောင့် ရပ်ကွက်အတွင်းရှိ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါ၍ အဆိုပါ ဆိတ်သတ်ရုံအား ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ရွာဘဲသား**

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် မာလာလမ်းမပေါ် မြောင်းရေလျှံနေ

စာတည်းခင်ဗျား–

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် မာလာလမ်းမတွင် လမ်းအရှေ့ပိုင်းရှိ အိမ်များသည် ခြံစည်းရိုးများကို အုတ်ဖြင့် လမ်းမဘက်သို့ လေးပေခန့် ကျူးကျော် ကာရံထားပါသည်။ ထို့ကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ လမ်းမပေါ်တွင် ရေအိုင်နေခြင်း၊ ရပ်ကွက်သူ ရပ်ကွက်သားများ အလွယ်တကူသွားလာရန် ခက်ခဲခြင်းတို့ကြောင့် ယင်းကျူးကျော် ကာရံထားသည့် အုတ်စည်းရိုးအား သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားတစ်ဦး**

သုံးခွမြို့နယ်(၂)ရပ်ကွက်မှ ရေကန်တိုးချဲ့တူးဖော်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း သုံးခွမြို့နယ် အမှတ် (၂)ရပ်ကွက်ရှိ ရေကန်ကြီးမှ မြို့တွင်းသို့ ရေပိုက်သွယ်တန်း၍ ရေဖြန့်ဝေပေးလျက်ရှိရာ ရေပိုက်သွယ်တန်းသူ ဦးရေနှင့် ရေပမာဏ မျှတမှုမရှိသောကြောင့် နှစ်စဉ် မိုးမကျမီ ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရပါသည်။

သို့ပါ၍ အဆိုပါရေကန်ကြီးအား တိုးချဲ့တူးဖော်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေအခက်မကြုံလိုသူ**

တာမွေ(၁၆၇)လမ်း သန့်ရှင်းသာယာရေးဆောင်ရွက်ပြီးစီး

၁၃-၂-၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် (၁၆၇)လမ်းရှိ ပျံကျဈေးသည်များ စည်းကမ်းမဲ့ လမ်းပိတ်ဆို့ရောင်းချနေသဖြင့် **"တာမွေ(၁၆၇)လမ်း သန့်ရှင်းသာယာစေလို"** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ယူကရိန်းအသင်း အောင်မြင်မှုရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်မည်လား

ကမ္ဘာတစ်လွှား အားကစား

ပြုစုရေးသားသူ မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၁

ဂျာမနီနိုင်ငံတွင် မကြာမီ ကျင်းပတော့မည့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခွင့် ရရှိထားသည့် ဘောလုံးအသင်း ၃၂ သင်းအနက် ယူကရိန်းအသင်း၏ အနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီး သိရှိနိုင်ရန် "Yangon Entertainment Ltd." မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံကိုးကားပြီး ဆက်လက်ဖော်ပြလိုက်ရပါသည်။



ယူကရိန်းအသင်း

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ၃၂ သင်းအနက် ကမ္ဘာ့ဖလားသက်တမ်းအနုဆုံး အသင်းပင်ဖြစ်သည်။ ယခု ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ယူကရိန်းတို့၏ ပထမဆုံး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပင်ဖြစ်သည်။

ယူကရိန်းတို့အတွက် ယခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်မှုသည်ပင် သမိုင်းမှတ်တမ်းတင်စရာ ဖြစ်ခဲ့ရသည်။

ခြေစစ်ပွဲအောင်မြင်

ယူကရိန်းတို့ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းကြောင်းတွင် အောင်မြင်မှုမရရှိခဲ့ဖူးသေးသော်လည်း အသင်းလိုက်ကြိုးစား အားထုတ်မှု ကောင်းသော အသင်းဖြစ်ရာ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန်အုပ်စု (ခ)တွင် အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ခြေစစ်ပွဲ နောက်ဆုံးပွဲ၌ ဂျော်ဂျီယာနှင့် သရေပွဲဖြစ်ခြင်းမှာ ယူကရိန်းကို ခြေစစ်ပွဲအောင်မြင်စေခဲ့သည့် အချက်လည်း ဖြစ်သည်။

ယူကရိန်း လက်ရွေးစင် ဘောလုံးအသင်း။

(ဓာတ်ပုံ-အင်တာနက်)

နည်းပြ

ယူကရိန်းအသင်း နည်းပြမှာ အိုလက်ဂ်ဘလော့ချင် ဖြစ်သည်။ ယူကရိန်းအသင်းကို ပထမဦးဆုံးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။ အိုလက်ဂ်ဘလော့ချင်သည် ကစားသမားကောင်းများကို စုစည်းတတ်သူဖြစ်ပြီး လူမှန်၊ နေရာမှန် ကစားခိုင်းတတ်သူ ဖြစ်သည်။

ယူကရိန်း တိုက်စစ်မှူး

ယူကရိန်း အသင်း အတွက် အားကိုးအားထား ပြုရမည့် တိုက်စစ်မှူး ရှက်ဗ်ချင်ကို။

(ဓာတ်ပုံ-အင်တာနက်)

လေ့ကျင့်ပေး

အသင်းလိုက်စုစည်းမှုအားကောင်းရန်နှင့် နားလည်မှုရရန်၊ ကစားကွက်နှင့် နည်းဗျူဟာအပိုင်းတွင် အံဝင်ခွင်ကျမှုရှိရန် စနစ်တကျပြင်ဆင်တတ်သူ ဖြစ်သည်။ ယခု ယူကရိန်းအသင်းအတွက် ရှက်ဗ်ချင်ကို၊ ဗိုရိုဘေနှင့် ဗိုရိုနင်တို့ကဲ့သို့သော ကစားသမားများကို အသင်းလိုက် တိုက်စစ်၊ ခံစစ် ကစားနိုင်အောင် လေ့ကျင့်ပေးလျက်ရှိနေသည်။

ရလဒ်ကောင်းမည်

နည်းပြ အိုလက်ဂ်ဘလော့ချင်က ယူကရိန်းအသင်းအား အုပ်စုအတွင်း ပြိုင်ဘက် အသင်းများကို အနိုင်ယူကျော်ဖြတ်ပြီး အဆင့်ဆင့်သော အောင်မြင်မှုများကိုရယူသွားမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုကောင်းလျှင် အသင်းရလဒ်ကောင်းမည်ဖြစ်ကြောင်း ပြောကြားနေသည်။

ယူကရိန်းအသင်းနည်းပြ အိုလက်ဂ်ဘလော့ချင်။

(ဓာတ်ပုံ-အင်တာနက်)

စောင့်ကြည့်ရမည့်ကစားသမား

ယူကရိန်းအသင်းကို ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်များ၌ ပါဝင်ကစားခွင့်ရရန် အဓိကမောင်းနှင်ပေးခဲ့သူမှာ အင်ဒရီရှက်ဗ်ချင်ကိုပင်ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုရရှိထားသူဖြစ်ပြီး အရှေ့ဥရောပ၌ ရှားရှားပါးပါး ထွက်ပေါ်လာသည့် တစ်ဦးတည်းသော ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

ပြိုင်ဘက်တိုင်းလေးစား

စီးရီးအေ၏ နာမည်ကြီး အေစီမီလန်အသင်း၌ ဂိုးသွင်းအထက်မြက်ဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး တစ်ဖက်အသင်းနောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူ တစ်ဦးလည်းဖြစ်သည်။ ရှက်ဗ်ချင်ကို၏ အားသာချက်မှာ သန့်ရှင်းသည့် ကစားဟန်၊ အဆုံးသတ် ကောင်းမွန်မှုနှင့် လျင်မြန်မှုတို့ပင်ဖြစ်ပြီး ပြိုင်ဘက်တိုင်းလေးစားရသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ဂိုးသွင်းဘုရင်ဆု

ရှက်ဗ်ချင်ကိုသည် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေစီမီလန်နှင့်အတူ ချန်ပီယံဆုတံဆိပ် ရယူခဲ့သည့် ယူကရိန်း၏ ပထမဆုံး ကစားသမားတစ်ဦးဖြစ်ပြီး အီတလီစီးရီးအေ၌ စတင်ကစားသည့်နှစ်မှာပင် ဂိုးသွင်းဘုရင်ဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံး နိုင်ငံခြား အားကစားသမားတစ်ဦး ဖြစ်သည်။

ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်နွှဲခွင့် ရရှိထားသည့် အခွင့်အရေးအပေါ် ရှက်ဗ်ချင်ကို ဦးဆောင်မှုဖြင့် မည်သည့်ရလဒ်များ ဖန်တီးပေးမည်ကို ကြည့်ရှုရမည် ဖြစ်သည်။

ယူကရိန်း ကစားမည့်ပွဲစဉ်

ကမ္ဘာ့ဖလား အုပ်စု(ဇ)၌ ပါဝင်သည့်ယူကရိန်းအသင်းသည် ပွဲဦးထွက်အနေဖြင့် ဇွန် ၁၄ ရက်တွင် စပိန်၊ ဇွန် ၁၉ ရက်တွင် ဆော်ဒီအာရေဗျ၊ ဇွန် ၂၃ရက်တွင် တူနီးရှားတို့နှင့်ကစားရမည်ဖြစ်ရာ ကြိုတင် သုံးသပ်ချက်အရ အုပ်စုမှတက်ရန် ယူကရိန်းတို့ ရေပန်းစားလျက်ရှိသည်။

အောင်မြင်မှုကိုလိုလား

ပွဲဦးထွက် စပိန်နှင့် ကစားရမည့်ပွဲသည် ပွဲကျပ်ဖြစ်သော်လည်း ပွဲတိုင်း ရလဒ်ကောင်းအောင် ယူကရိန်းတို့ ကြိုးစားသွားမည်ဟု နည်းပြအိုလက်ဂ်ဘလော့ချင်က ပြောကြားထားသည်။ ယူကရိန်းပြည်သူတို့ကလည်း အောင်မြင်မှုကို လိုလားနေကြသည်ဖြစ်ရာ ယူကရိန်းအသင်း မည်သို့သော အောင်မြင်မှုရလဒ်များကို ဆောင်ကြဉ်းပြမည်ကို စောင့်ကြည့်အကဲခတ်ရမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

တာကာလို၏ ထိုးသတ်ဟန်

အိုင်ယာလန်နိုင်ငံမြောက်ပိုင်း ဘဲလ်ဖတ်စ်မြို့၌ မေ ၂၀ ရက်က ကျင်းပသော ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ဝဲလ်တာဝိတ် ချန်ပီယံထိုးသတ်ပွဲအဖြစ် အင်္ဂလန်မှ တာကာလို(ဝဲ)နှင့် အိုင်ယာလန်မှ အီရာမွန်မာဂီတို့ ထိုးသတ်ဟန်။ (ယင်းပွဲတွင် တာကာလိုက အမှတ်ဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ယူကရိန်းဘောလုံးသမားစာရင်း

ဘာလင် မေ ၂၁

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ယူကရိန်းအသင်းက အားကစားသမား ၂၁ ဦးစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ဂိုး – အိုလက်ဇန္ဒားရှူကိုစကီ၊ မာဇင်စတက်ဆဗ်၊

နောက်တန်း – အင်ဒရီနက်စ်မက်နေး၊ ဗီလာဒစ်လပ်ဗ်ဖာချပ်ခ်၊ ဆာဟေးဖီဒိုရော့ဗ်၊ ဗီယာချီစလစ်ဆာချက်ဗ်၊ အင်ဒရီရူဆိုလ်၊ အိုလက်ဇန္ဒားရက်ချင်ကို၊

အလယ်တန်း – အိုလက်ဂူဆပ်ဗ်၊ရုစလမ်ရိုတမ်၊ အနာတိုလီတိုင်မော့ချက်စ်၊ အင်ဒရီဟူစိန်၊ ဆာဟေးနာဇာရင်ကို၊ အိုလက်ဇန္ဒားရိုင်ကန်၊ အိုလီရီလာယက်ဗ်၊ ဆာဟေးဆာချင်ကို၊

ရှေ့တန်း – အိုလီဇီဘိုင်လစ်၊ အင်ဒရီဗိုရိုဘိုင်၊ အင်ဒရီရှက်ဗ်ချင်ကို၊ အင်ဒရီဗိုရိုနင်၊ အိုလက်ဇင်လန်စကီးတို့ ဖြစ်ကြသည်။

(အင်တာနက်)

ရှေ့ဆုံးမှ ပန်းဝင်

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ် မြို့၌ ကျင်းပသည့် အမျိုးသား မီတာ ၄၀၀ အပြေး ပြိုင်ပွဲတွင် လူဝီစီယားနားပြည်နယ်မှ ဇာဗီရာကာတာ(ဝဲ)က ၄၅ဒသမ ၅၇ စက္ကန့်ဖြင့် ရှေ့ဆုံးမှ ဦးသို့ ပန်းဝင်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

တောင်အာဖရိကနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး
ဦးအုန်းသွင်–ဒေါ်စမ်းစမ်းနွယ်တို့၏ သား

ဗိုလ်ကြီးကျော်ဇင်စိုး

B.E (Mechanical) D.S.T.A

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးချစ်ညွန့်–ဒေါ်ဌေးဌေးရီတို့၏ သမီး

မမိုးသူဇာစိုး

B.N.Sc (Generic), B.A(English)

တို့၏ ၂၁–၅–၂၀၀၆ရက်(တနင်္ဂနွေနေ့) IBCမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့်ဇနီးဒေါက်တာဒေါ်ခင်မြဝင်း၊စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ဝေးရပ်နီးမှ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်နွဲ့ယဉ်ဝင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်လှဲ့လှဲ့ဝင်းနှင့် ဒေါ်ခင်ဝင်းမော်(ရတနာစုံ–ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာဝတ်စုံနှင့် ဆံပင်၊ မိတ်ကပ်အလှဆင်ယင်ပေးသော အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မသီရိလင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခင်ဆွေဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမာမာသူ၊ သတို့သားအရံ ဗိုလ်ကြီးရဲလင်းမြင့်နှင့် ဗိုလ်ကြီးဟန်လင်းအောင်၊ သတို့သမီးအရံ မမော်မော်ထွန်းနှင့် မနှင်းပွင့်ဖြူတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရား Dr. သိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော IBCမှအဖွဲ့နှင့် U.S.A (ဦးစန်းအောင်) အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော IBCမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ညီ၊ ညီမငယ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကြီးကျော်ဇင်စိုး–မမိုးသူဇာစိုး

မင်္ဂလာဦးဆုတောင်း

ကိုလေးနှင့် မမမိုးတို့၏ မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်းတစ်ရာတိုင် အောင်မြင်ခြင်းများစွာဖြင့် သာယာချမ်းမြေ့ပျော်ရွှင်သော ဘဝခရီးလမ်းကို ထာဝရလက်တွဲ လျှောက်လှမ်းနိုင်ပါစေ–

ချစ်သောကိုကြီး– **ကျော်ဇေစိုး (တောင်အာဖရိက)**
ညီမလေး – **လင်းနန္ဒာသွင် (တောင်အာဖရိက)**
– **ခင်ဝါဆိုဦး**
ညီလေး – **ဇူလိုင်ကိုကို**
– **ငြိမ်းချမ်းညီညီ**
– **ရဲမင်းလတ်**

သစ်တောသစ်ပင် ဒို့ချစ်ခင်၊ အစဉ်စိုက်ပျိုး အလှတိုး

ဗီယက်နမ်အသံလွှင့်ဌာနကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ၌ရောက်ရှိနေသော ဗီယက်နမ်အသံလွှင့်ဌာန(Radio the Voice of Vietnam-VOV)မှ Chief of VOV's Bureau in Central Vietnam, Mr. Tran Son Ngoe ခေါင်းဆောင်ပြီး အဖွဲ့ဝင်သုံးဦးပါဝင်သော ဗီယက်နမ်အသံလွှင့်ဌာနကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ဂနာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြင်းမူမြို့၊ ဗန္ဓုလရပ်နေ
ဦး^oHoအောင်ကျော်–ဒေါ်ဌေးဌေး(ရွှေရတနာရောင်းဝယ်ရေး)တို့၏သားထွေး

မောင်ကျော်စည်သူ B.Sc (Geology), A.G.T.I (Machine Tools & Desing) နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၅ရပ်ကွက်၊ လုပ်သားလမ်း
အမှတ် (၆၁၈)နေ ဦးမိုးနိုင်(MPPE)–ဒေါ်အေးအေးမူတို့၏သမီးငယ်

မမိုးမိုးစန္ဒာ B.A (English) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)

တို့ကို Mya Yeik Nyo Royal Hotelတွင် နှစ်ဖက်သော မိဘ၊ ဆွေမျိုး မိတ်သင်္ဂဟများရှေ့မှောက်၌ ၂၀–၅–၂၀၀၆ရက်(စနေနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စည်သူ–မမိုးမိုးစန္ဒာ။**

ဘင်းစတက်ယဉ်ကျေးမှုဆိုင်ရာ အစည်းအဝေးတက်ရန် မြန်မာကိုယ်စားလှယ်ထွက်ခွာ

ရန်ကုန် မေ ၂၁

ဘူတန်နိုင်ငံ ပါရိုမြို့၌ မေ ၂၂ရက်မှ ၂၅ရက်အထိ ကျင်းပမည့် ပထမအကြိမ် ဘင်းစတက် (BIMSTEC) ယဉ်ကျေးမှုဆိုင်ရာ ဝန်ကြီးအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေးပွဲ တက်ရောက်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေသည် မေ၂၀ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေအား ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ္စာမဏ္ဍိုင် ☎ 391472
ကွန်ပျူတာ နက္ခတ်ဗေဒင်
ဖုန်းဖြင့် မေးနိုင်သည်။ ဟောစာတမ်း အိမ်အရောက်ပို့သည်။

အမည်ပြောင်း

ကျွန်တော် မောင်ဗိုလ်အောင်ဒင် နိုင်ငံသားစိစစ်ရေးကတ် ၅/ဘတလ (နိုင်)၀၅၉၀၁၅အား ယနေ့မှစ၍ မောင်ဘိုဘိုဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဘိုဘို။

✻ တာလီစိန်ရွှေရတနာဆိုင်မှ သင်တန်းပေးမည် ✻

2-6-2006 ဖွင့်မည်။

(၁) ရွှေ၊ စိန်၊ ကျောက်၊ ရွှေထည်၊ စိန်ထည်၊ ကျောက်ထည်များအကြောင်း (အသေးစိတ်)
(၂) အရေးကြီးသောပန်းထိမ်ပညာအခြေခံ (ကြိုး၊ ရွှေသား၊ ကျောက်ထည်၊ စိန်ထည်)
(၃) အရေးကြီးသော (အထည်များ၊ စာရင်းအင်း၊ ဝန်ထမ်း၊ ပန်းထိမ်) ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ စီမံကွပ်ကဲခြင်း
(၄) ရွှေဆိုင်တစ်ဆိုင်ဖွင့်လျှင် ပြင်ဆင်ရမည့်၊ ကြုံရမည့် ကိစ္စပြဿနာများ
(၅) ရွှေဆိုင်လုပ်ငန်း၏ လက်ရှိအခြေအနေ၊ ဈေးကွက်အခြေအနေ၊ ပန်းထိမ်အခြေအနေ
(၆) Digital (ရွှေစမ်းသပ်စက်၊ ရွှေချိန်ခွင်၊ စိန်ချိန်ခွင်၊ ရွှေကြိုစက်) ရွှေထည်အရောင်တင်စက်၊ ချေးဆေးစက်၊ စိန်ထည်ရွှေရောင်တင်အဖြူမှုတ်စက်များ၊ ကိုယ်ပိုင်ပန်းထိမ်လုပ်ငန်းခွင် နှင့် လက်ရှိရောင်းဝယ်နေသော ဆိုင်လုပ်ငန်းကိုပါ လေ့လာခွင့်ရမည်။

(လူဦးရေကန့်သတ်ထားသည်။)

▸▸ အမှတ် (၇၅) လှည်းတန်းလမ်း၊ (လှည်းတန်းဈေးအနီး)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၂၆၂၁၄၊ ၅၂၃၄၆၉

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စာရင်းစစ်များ အလိုရှိသည်။ အောက်ပါအချက်အလက်များနှင့် ပြည့်စုံရမည်။

၁။ ပညာအရည်အချင်း B.Com, CPA (or) LCCI(or) Commerce (ဘွဲ့တစ်ခုခု + D.A)
၂။ လုပ်ငန်းအတွေ့အကြုံ ၁၅နှစ်ရှိရမည်။
၃။ အသက်(၄၀–၅၅)နှစ်အတွင်းဖြစ်ရမည်။
၄။ အမျိုးသားဖြစ်ရမည်။
၅။ အသောက်အစားကင်းရမည်။
၆။ နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်တိုင်လက်ရေးလျှောက်လွှာ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့ဖြင့် အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်သည်။

နယူးဂရိတ်ဝေါလ် **အမှတ် ၅၅၉၊ ၃၃လမ်း၊ ၈၃ x ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
အခန်း ၄၊ ၉၁/၁၀၅၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ရေခဲမုန့်၊ မစ်ရှိတ်၊ ကိတ်ပေါင်မုန့်သင်တန်း
ယိုမျိုးစုံ၊ ငရုတ်ဆီကုန်ထုတ်ဖျော်ရည်သင်တန်း
(၁)၂၅–၅–၀၆ မှ ၃၀–၅–၀၆ထိ၊ (၂) ၁–၆–၀၆ မှ ၇–၆–၀၆ထိ (စာတွေ့၊လက်တွေ့)
ပင်မသင်တန်း(ရုံးချုပ်)၊အမှတ်(၂၂)၊မြေနုလမ်း၊မြေနီကုန်း၊ပြည်လမ်း၊မဟာမြိုင်မှတ်တိုင်၊
EAC ရန်ကုန်မြို့။ 01-690264, 01-527046၊ မန္တလေးသင်တန်းခွဲ 02-64977
၄၁/၅ နန်းထိုက်တော်ဝင်တိုက်၊ဈေးချိုရှေ့၊(၂၂X၂၃)ကြား၊(၈၂X၈၃)ကြား၊ မန္တလေး။

မိုးရွာလည်းပို့မှာပဲဗျို့

မိုးသည်းသည်းရွာလည်း
ချန်ပီယံကတော့
တာဝန်ယူပို့ပေးမှာပဲဗျို့။

ချန်ပီယံပေါ်ဆန်းမွှေး

☎:682844 ☎:682944 ☎:682928 ☎:680301 ☎:681326
☎:02-65975 ☎:02-28036

မဟာဗောဓိညောင်ပင် ကဆုန်ညောင်ရေသွန်း

ကျောက်ကြီး မေ ၁၆

ပဲခူးတိုင်း ကျောက်ကြီးမြို့ ခြေဆေးကန်စေတီတော်နှင့် ကေလာသဘာ တောင်တော်မြတ်ပေါ်ရှိ မဟာဗောဓိ ညောင်ပင်မြတ်အား (၈၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို မေ ၁၁ရက် ညနေ ၄ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရှင်သီဝလိခြေတော်ရာ ဦးစီးနာယကဆရာတော် အရှင်ဓမ္မသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရှင်သီဝလိခြေတော်ရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဆွေ ဦးဆောင်သော ရဟန်းရှင်လူများက မဟာဗောဓိ ညောင်ပင်ကို ကဆုန်ညောင်ရေသွန်း လောင်းပူဇော်ကြသည်။ **(၂၁၁)**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ထားမှုကို ဧပြီ ၆ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်းမြို့၌ စက်ချုပ်နှင့် သိုးမွေးစက်ဆွဲသင်တန်းဖွင့်

ဖလမ်း မေ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော အမျိုးသမီးအဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၀၆)၊ အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၈/၂၀၀၆)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၆/၂၀၀၆)၊ ကနုကမာ ကျောက်စီပန်းချီသင်တန်းအမှတ်စဉ် (၆/၂၀၀၆)၊ လက်ရက်ကန်းသင်တန်း အမှတ်စဉ် (၆/၂၀၀၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၁၅ရက် နံနက်၉နာရီက အဆိုပါ ဖလမ်းမြို့ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးအုန်းမောင်စည်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အိမ်တွင်းမှုသင်တန်းနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကျောင်းအုပ် ဒေါ်သီဂီကျော်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး အထက်မင်းလှ၌ ဆွေးနွေး

အထက်မင်းလှ မေ ၁၂

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲအခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်း အထက်မင်းလှမြို့နယ် မလွန်ကျေးရွာ စာကြောဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ပညာဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်မှူး (ခေတ္တ) ဆရာတော် ဦးစိန္တိတ(မဟာဝိဇ္ဇာ၊ ဓမ္မာစရိယ)က အဖွင့်ဩဝါဒစကား ချီးမြှင့်တော်မူသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဆွေးနွေးပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တောသားကြီးလှုနိုင်နှင့်မောင်ချစ်ရီ (အထက်မင်းလှ)တို့က စာပေရေးရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(၀၇၆)**

မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးရေး ညှိနှိုင်းစည်းဝေး

မန္တလေး မေ ၁၂

၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ၂၀၀၆ ခုနှစ် မိုးရာသီဘဏ် ချေးငွေထုတ်ချေးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက် ၉ နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဘဏ်ခွဲ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း တက်ရောက်၍ ချေးငွေထုတ်ချေးရေးဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်မှ ဒုတိယအထွေထွေ မန်နေဂျာ၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ချေးငွေကြီးကြပ်တာဝန်ခံ ဦးဝင်းဟန်၊ မန္တလေးတိုင်းမန်နေဂျာ ဒေါ်ခင်ပြုံးရည်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မန်နေဂျာဦးလှတိုးတို့က မြို့နယ်များ၏ ၂၀၀၆ မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးရေးကို မိမိတို့လျာထားသည့် သတ်မှတ်ကာလအတွင်း ထုတ်ချေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးကြသည်။

မှာကြား

ဆက်လက်၍ မြို့နယ်များအလိုက် တင်ပြချက်များအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ငွေကြေး ဆိုင်ရာ ဘဏ်လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

၂၀၀၆ ခုနှစ် မိုးရာသီဘဏ်ချေးငွေကို မန္တလေးတိုင်းတွင် ငွေကျပ်သန်း ၄၀၀၀ ထုတ်ချေးရန်လျာထားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ငွေကျပ် သန်း ၂၁၀ ထုတ်ချေးရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အချိတ်အဆက်ကောင်းသော ကွန်ကရစ်ဘလောက်တုံး ထုတ်လုပ်မှုအကြောင်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ဟံသာဝတီ ဦးဘရင်၏ ဇာတိမာန်သရုပ်ဖော် မင်းခေါင်ကြီး) (ညွှန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (စမ်းတဝါးဝါး-တက္ကသိုလ်သခ်)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အငိုမျက်လုံး အပြုံးမျက်နှာ)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စားမည် ငါးအဆီ)

ညနေပိုင်း

၁၆း၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) မေတ္တာသိမ့်သိမ့်
(၂) အို-ချစ်စွာသော အနုပညာ
(၃) လှရာရာရွေးပန်ဆင်ပါ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ဆယ်ကျော်သက်နှင့် အဝလွန်ပြဿနာ-နေမောင်)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အတူပျော်စို့)

၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြက်ဟင်းခါးပင်)

၂၀း၃၀ ကလေးများအတွက် ပုံပြင် (ငွေယုန်ကယ်လိုက်ပြန်ပြီ)

၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ညမွှေးပန်း
(၂) မိုးမခအလွမ်း
(၃) မေ့အချစ်မြား

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တပ်ရင်းမှူး ဒုတိယရဲမှူးမြင့်အေး၊ ဒုတိယတပ်ရင်းမှူးဦးသန်းမြင့် ဦးစီးသော တပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း အဝင်လမ်းနှင့်အထွက်လမ်းတို့ကို မေ ၈ရက်က မြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၀၆၄)

အမြို့မြို့ အနယ်နယ် သတင်းများ

အနာကြီးရောဂါနှင့် တီဘီရောဂါ တိုက်ဖျက်ရေး ပညာပေးဟောပြော၊ ယင်လုံအိမ်သာသုံးစွဲမှုစစ်ဆေး

မြောင်းမြ ဧပြီ ၂၅

မြောင်းမြမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အနာကြီးရောဂါနှင့် တီဘီရောဂါ တိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို ဧပြီ ၆ ရက်က မြောင်းမြမြို့ အမှတ်(၁)နယ်မြေ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။



အမှာစကား

အခမ်းအနားတွင် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** မြို့နယ်ကျန်းမာရေးအဆင့်(၁) ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဦးသန်းဌေးက ကြက်ငှက်တုပ်ကွေးရောဂါ၊ အနာကြီးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာလှလှဝင်းက တီဘီရောဂါနှင့် အေအိုင်ဒီအက်(စ်)ရောဂါအကြောင်းကို လည်းကောင်း ဟောပြောကြပြီးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်း ယင်လုံအိမ်သာများ သုံးစွဲမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် မေ ၂ ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပျိုးခြံအတွင်း ပျိုးပင်များပျိုးထောင်မှုနှင့် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါက်ခေါင်း၌ ရေရှည်တည်တံ့ရေးရှင်းလင်း

ပေါက်ခေါင်း မေ ၁၈

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ ထူထောင်ပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးစည်းရုံးဆောင်ရွက်မှုနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၄ရက်နံနက် ၁၀ နာရီက အုပ်ပုံကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးနန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးစိန်တိုးက ထူထောင်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။**(အောက်ပုံ)**

ထို့နောက် အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းသူများကို ဗိုလ်မှူးစိုးဦးဟန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသိန်းလွင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ်ဦးစီးမှူးဒေါ်ခင်ဝင်းတင့်၊ ကျေးရွာ စာကြည့်တိုက်ကော်မတီမှ ဦးချစ်ဆွေနှင့် ဦးတင့်လွင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ရှိ စာအုပ်စာရင်းသွင်းမှု၊ ထားရှိမှု၊ ပရိဘောဂပစ္စည်းများ စုံလင်စွာရှိရေးတို့ကို ဆောင်ရွက်ကြသည်။

အလားတူပင် ကာကောက်ကျေးရွာ ရူဝံကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ရရှိပြီးစာအုပ်စာစောင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာစေရေးတို့ကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက ရှင်းလင်းမှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့နယ် ပညာရေးမိသားစု၏ စတုတ္ထအကြိမ် ဆွမ်းဆန်အိတ်များ ဆက်ကပ်လှူဒါန်းပွဲကို မေ ၁၁ ရက်က ကျင်းပရာ မြို့နယ်ပညာ ရေးမှူး ဦးမြင့်စိုး၊ လက်ထောက်ပညာရေးမှူး ဦးသန်းဝင်းနှင့် ပညာရေး မိသားစုတို့က ဘုန်းတော်ကြီးကျောင်းပေါင်း ၇၅ ကျောင်းသို့ ကျပ်ငွေ ၁၆ သိန်းကျော်တန်ဖိုးရှိ ဆွမ်းဆန်အိတ်များ ဆက်ကပ်လှူဒါန်းစဉ်။ (၁၃၄)

အင်းတော် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းဆင်း

အင်းတော် မေ ၁၃

အင်းတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ဖွင့်လှစ်သော ရပ်ကွက်နှင့် ကျေးရွာအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁၂/၂၀၀၆) ဆင်းပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက အင်းတော်မြို့အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

လက်မှတ်များပေးအပ်

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးကျော်ဌေး၊ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးသန့်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေတို့က သင်တန်းဆင်း အမှာစကားပြောကြားကြပြီး သင်တန်းတွင် ထူးချွန်ဆုရသူများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြကြောင်း သိရသည်။ (၁၃၃)

ကျောက်ပန်းတောင်း ထွေ/အုပ် ဦးစီးဌာန လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

ကျောက်ပန်းတောင်း မေ ၁၅

မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးလှမိုးသည် မေ ၁၂ရက် နံနက်က ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိ၍ မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

အခမ်းအနားအပြီးတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးလှမိုးသည် မြို့ပေါ်ရှိရပ်ကွက်ရုံးများသို့ သွားရောက်စစ်ဆေးပြီး ရုံးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အတီး သင်တန်းသို့ သွားရောက်၍ ကျောင်းသားငယ်များ၏ သင်တန်းတက်ရောက် သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုးစပါးနှင့်ခြံစည်းရိုးကြက်ဆူပင် လျာထားချက်ကျော်လွန်ရေး ကြိုတင်ပြင်ဆင်ထားမှု ဆွေးနွေးညှိနှိုင်း

မြောင် မေ ၁၄

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ၂၀၀၆-၂၀၀၇ မိုးစပါးလျာထား ဧက ၂၄၀၀ နှင့် ခြံစည်းရိုးကြက်ဆူပင် ဧက ၃၄၀၀ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၈ရက်က မြောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ထီးလှိုင်ရှင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူးဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက မြို့နယ်၏လျာထား ဧကကျော်လွန်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

အမြို့မြို့ အနယ်နယ် သတင်းများ

ရေးမြို့ နတ်မောက်လမ်း အမှတ် ၂၅နေ ဦးထွန်းကြည်-ဒေါ်နွဲ့နွဲ့မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန လမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နှစ်ဖက်သော မိဘနှစ်ပါးအား အမှူးထား၍ လှည်းကူး ဖားအောက်တောရရိပ်သာတွင် တရားအားထုတ်ကြသော သံဃာတော်များ၊ သီလရှင်များနှင့်ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်ကျင့်ကြံနိုင်ရန် အင်းစိန်မြို့ အမှတ် ၁၄၁ မြင့်မိုလမ်း၊ဈေးကုန်းအနောက် နေ ဦးအုံးရှိန်-ဒေါ်ကြင်ငွေမိသားစုတို့က ၂လက်မ စက်ရေတွင်း(ကူဘိုတာ)နှင့် တစ်လက်မခွဲ လက်နှိပ်တုံကင် စုစုပေါင်း နှစ်တွင်းတို့ကို မေ ၂ရက်က လှည်းကူး ဖားအောက်တောရ အနုဂ္ဂဟအဖွဲ့သို့ လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးရေးဆွေးနွေး

ပြည် မေ ၅

ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဧပြီ ၂၁ ရက်က ပေါင်းတမော့ကျေးရွာအုပ်စု လက်ခုပ္ပင်ရွာ သုတဝေစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုသန့်က စာကြည့်တိုက်ရေရှည် တည်တံ့ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင်(၃) ဦးမျိုးညွှန့်က စာပေအကျိုးကျေးဇူးအကြောင်းကိုလည်းကောင်း ပြောကြားပြီး အဆိုပါ စာကြည့်တိုက်အတွက် သုတရသစာအုပ်မျိုးစုံ ၃၆အုပ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပေးအပ်လှူဒါန်းသည်။ အလားတူပင် အုပ်ဆွဲကျေးရွာနှင့် ရေကြည်ကုန်းကျေးရွာတို့တွင်လည်း စာပေအကြောင်း ဟောပြောဆွေးနွေးပွဲ ကျင်းပကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရမည်းသင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ်-၂၇

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးကျော်အေးပါ(၁) ရမည်းသင်းမြို့

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၆ ခုနှစ် ဇွန်လ ၃၀ ရက် မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီ အချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရမည်းသင်းမြို့ ဗမကအရှေ့ရပ်၊ အကွက်(၁၁)၊ ဦးပိုင်(၆၁ဃ)၊ ဧရိယာ ၀ ဒသမ ၀၆၄ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ (၄x၃)ပင် နှစ်ထပ်နံကပ် အပေါ်ထပ်ပျဉ်ခင်း၊ အောက်ထပ်အုတ်ခင်း၊ သွပ်မိုးလူနေအိမ်။

ကြမ်းခင်းဈေးကျပ် ၂၃ သိန်း(ကျပ်နှစ်ဆယ့်သုံးသိန်း)

ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခု အတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းထွေး
ဒုတိယခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်။

အင်းစိန်မြို့သစ်၊ က/၅လမ်းထိပ်၊ ဂွတ်ရှယ် စားသောက်ဆိုင် ပိုင်ရှင် ဦးအောင်အောင်နိုင်နှင့်ဇနီး ဒေါ်ချိုတူးတို့ သိစေရန်ကြေညာချက်

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်၊ က/၁ လမ်း၊ အမှတ်-၁၈နေ ဒေါ်အေးသန်း ISN-၅၇၉၂၅၃၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်၊ က/၅လမ်းထိပ်တွင် ဖွင့်လှစ်ထားသော ဂွတ်ရှယ်စားသောက်ဆိုင်ပိုင်ရှင် ဦးအောင်အောင်နိုင်နှင့် ဇနီး ဒေါ်ချိုတူးတို့အနေဖြင့် ဒေါ်အေးသန်းထံမှ ရယူထားသော ငွေကျပ် သိန်းနှစ်ဆယ်ကို ယနေ့မှစ၍ ၁၅ရက်အတွင်း အပြေအကျေ လာရောက် ပေးဆပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူရတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ရုံး- PREMIER LAW FIRM
အမှတ်- ၁၄၊ မဟာဗန္ဓုလပန်းခြံဝင်း၊
မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)
(တရားရုံးချုပ်နှင့်မျက်နှာချင်းဆိုင်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၆၆၆၂။

ဦးအေးနိုင်
LL.B.,D.BL.,D.M.L., Advocate
ဥပဒေတွဲ့
စီးပွားရေးလုပ်ငန်းဥပဒေ ဒီပလိုမာ၊
ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေဒီပလိုမာ
တရားရုံးချုပ်ရှေ့နေ
အိမ်-တိုက်-၁၉/၂၊ ကြို့ကုန်းရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

မင်္ဂလာဦးဆုတောင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် M3 Food Center ခန်းမတွင် ၂၁-၅-၂၀၀၆ ရက်က ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးခဲ့သော

မောင်ကျော်ဝင်းမြင့်(ခ)ကျော်ကျော်
နှင့်
မိစောတင်တင်ထိုက် (ခ)ဆိုပါတူး (လုကြယ်စင်အလှပြင်)

တို့၏ မင်္ဂလာဦးမှ နှစ်ပေါင်းတစ်ရာတိုင်လက်တွဲလျှောက်လှမ်းနိုင်ပါစေ။

အဖေကြီး - ဦးသိန်းသန်း
အမေကြီး - ဒေါ်မြသန်း မိသားစု။ **မော်လမြိုင်။**

သုံးနှစ်ပြည့် မွေးနေ့ဆုတောင်း

သမီးဦးရတနာ မခင်စိမ့်စိမ့်သူ၏ ၂၂-၅-၂၀၀၆ရက်တွင်ကျရောက်သည့် သုံးနှစ်ပြည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဖေဖေ- ချစ်မေမေတို့နှင့်အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၍ ထူးချွန်ထက်မြက်ပြီး လိုတရသော သမီးလေးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ - ဦးသက်မောင်မြင့်
ချစ်မေမေ - ဒေါ်တင်မာယဉ်။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၁၇၀/၁၇၂နေ ဒေါ်မြရီ ၁၂/ပဇတ(နိုင်)၀၁၁၈၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရောဝတီတိုင်း ဓနုဖြူမြို့ (၇)ရပ်ကွက် မဟာဗောဓိလမ်း အမှတ်(၆၀)တွင် နေထိုင်သူ ဒေါ်သန်းငွေ ၁၄/ဓနဖ(နိုင်)၁၂၅၄၆၄သည် အသက်အရွယ်ကြီးရင့်ကာ ကျန်းမာရေးချို့ယွင်းခြင်း၊ အမှတ်ဉာဏ်ချို့တဲ့ခြင်းစသည့် ဝေဒနာများ ခံစားနေရသဖြင့် တစ်ဦးတည်းသောညီမအရင်းဖြစ်သူ ဒေါ်မြရီက ခေါ်ယူစောင့်ရှောက်ထားရပါသည်။

ရောဝတီတိုင်း ဓနုဖြူမြို့ (၇)ရပ်ကွက် မဟာဗောဓိလမ်း အမှတ်(၆၀)ဟု ခေါ်တွင်သည့် မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်ခံပျဉ်ထောင်၊ သွပ်မိုးနှစ်ထပ်အိမ်မှာ ဒေါ်သန်းငွေတစ်ဦးတည်းပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့် ပစ္စည်းဖြစ်ပါသည်။ ယင်းမြေနှင့် အိမ်တို့ကို ဒေါ်သန်းငွေ ပြန်လည်မကျန်းမာသေးမီ ညီမအရင်းဖြစ်သူ ကျွန်ုပ်တို့၏အမှုသည် ဒေါ်မြရီ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ ဒေါ်သန်းငွေ၏ ပိုင်ဆိုင် အကျိုးခံစားခွင့်များကို တစ်နည်းနည်းထိပါးနှောင့်ယှက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြရီ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နမ့်ဖြူပြာမြင့်(LL.B) ဦးအောင်ကျော်မင်း
ဒေါ်ဝင်းကြည်(LL.B) B.A, D.A, R.L
ဒေါ်ရွှေမိုးညွန့်(LL.B) တရားရုံးချုပ်ရှေ့နေ

အထက်တန်းရှေ့နေများ

အမှတ် ၅၀၊ ပထမထပ်၊ အခန်း D/4၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၇၀၁၄၃၉။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရေတွင်းလမ်းနေ
ဦးဦးဘိုးသိန်း(ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း)၊
(**MD,** အင်းပေါက်ဝ၊ ကုမ္ပဏီလီမိတက်)-ဒေါ်မနွဲ့ခင်(ရွှေငါးပျံ မသန်းငွေးဆေးပေါ့လိပ်)
တို့၏သားကြီး

မောင်တင်အောင်ဦး (ခ) ဖိုးနီ (B.C, Tech)
(MD, Western Gate Co., Ltd.)
(MD, AKARITE Medical Distribution Service)
နှင့်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဂေါက်ရှိလမ်းနေ
ဦးရွှေသာထွန်း (အမျိုးသားဆီစက်ပိုင်ရှင်)-ဒေါ်မအေးသိန်း
တို့၏ တစ်ဦးတည်းသောသမီးကြီး

မအေးသန္တာထွန်း (ခ) မခင်အိပိုင်
B.Sc, (Hons), Chemistry.

တို့သည် ၂၀-၅-၂၀၀၆ ရက် (စနေနေ့)တွင် ဦးရွှေသာထွန်း-ဒေါ်မအေးသိန်းတို့၏ နေအိမ်၌ နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်အောင်ဦး-မအေးသန္တာထွန်း။

"MCC Graduation & Exhibition Day"
23 May 2006
Myanmar Info-Tech - Main Lobby (9 Am to 1 Pm)
(Enrollment Only) MCC - Theingyizay (7 Am to 7 Pm)
Call..... 245758, 245762, 382981
Special Discount Up To 50 %

လျင်မြန်၊ သက်သာ၊ လုံခြုံစွာဖြင့် ငွေလွှဲပို့နိုင်ပါပြီ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူများအား စရိတ်သက်သာ၍ လျင်မြန်လုံခြုံစွာဖြင့် ပြည်တွင်းငွေလွှဲပို့ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများအား ၁-၄-၂၀၀၆ ရက်မှစ၍ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲ (၁၀၂)ခုတို့နှင့် ချိတ်ဆက်ပြီး ဖက်စ်ဖြင့် နေ့ချင်းရောက် ငွေလွှဲပို့ခြင်း လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(အသေးစိတ်သိလိုပါက မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် စုံစမ်းနိုင်ပါသည်။)

ကျောင်းကုန်းမြို့၌ ကဆုန်ညောင်ရေသွန်း

ကျောင်းကုန်း မေ ၁၅

ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနားကို မေ ၁၁ ရက် ညနေ ၃ နာရီက ဧရာဝတီတိုင်းကျောင်းကုန်း မြို့ရွာသာကုန်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာ ဇောမိပင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရွာသူ ရွာသားများနှင့် ဂေါပကအဖွဲ့ဝင်များ စုပေါင်း၍ ညောင်ရေသွန်းခြင်း၊ ဆီမီးအမွှေးနံ့သာများဖြင့် ပူဇော်ခြင်းများဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(၂၆၅)**

ကျောက်ကြီးမြို့ အင်းနက်ကျေးရွာတွင် တိုင်းရင်းသူများကိုယ်စား ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်နွဲ့က အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ ၁၁၀ ကို ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆိပ်ဖြူမြို့၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရေရှည်တည်တံ့ရေးနှင့် အကျိုးကျေးဇူးရှင်းလင်း၊ စာအုပ်များလှူဒါန်း

ဆိပ်ဖြူ မေ ၈

ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၇ နာရီက အဆိုပါ အဆောက်အအုံသစ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် စာကြည့်တိုက်တာဝန်ခံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးမျိုးမောင်မောင်ကျော်က စာကြည့်တိုက်ရေရှည် တည်တံ့ရေးနှင့် စာကြည့်တိုက်၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မြိတ်မြို့ နောက်လယ်(၁)လမ်း၊ အမှတ်(၁၉)နေ
ဦးတင်စိုး-ဒေါ်ပိုက် မြိတ်မြို့ ကန်ဖျားရပ် ထုံးဖိုလမ်းနေ
ဦးချင်ဟိုင်း-(ဒေါ်အင်ကြည်)တို့၏မြေးဦး၊
ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊
အမှတ်(၂၀၉)၊ ပထမထပ်(ဝဲ)နေ
ဦးကျော်စိန်-ဒေါ်မြမြသန်းတို့၏ တစ်ဦးတည်းသောသား

Dr. မျိုးဇော်ဟိန်း M.B.,B.S. (YGN)

နှင့်

